# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မမေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၁၅၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျိုက်မရောဒေသထွက် ရော်ဘာပြားများ အရည်အသွေးကောင်းမွန်၍ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ တင်ပို့လျက်ရှိ

ကျိုက်မရော ဖေဖော်ဝါရီ ၂၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေး ထုတ်ကုန်တစ်ခုဖြစ်သည့် ရော်ဘာပြားများကို စက်မှုကုန်ချော ထုတ်ကုန်များထုတ်လုပ်ပြီး ဒေသစီးပွားရေး အထောက်အကူပြုနေသည့် သန့်စင်ပြီးရော်ဘာပြားများကို အရည်အသွေး ကောင်းမွန်သဖြင့် တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❑





ကျိုက်မရောမြို့နယ်တွင် ရော်ဘာစိုက်ခင်းနှင့် ရော်ဘာပြားများ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

## ယနေ့ ဖတ် စ ရာ


အာဖဂန်ပညာရေးဝန်ကြီးဌာနက လည်ပတ်ခြင်းမရှိသည့် ကျောင်းပေါင်း ၇၀၀ ကို ဖျက်သိမ်း — နိုင်ငံတကာသတင်း | စာ ၁၃

တက္ကသိုလ်လေ့ကျင့်ရေး တပ်မှသည်... နောင်တစ်ခေတ်၏ နိုင်ငံ့သားကောင်းအောင်စစ်သည်များ — ဆောင်းပါး | စာ ၁၆

သာယာဝတီခရိုင်တွင် ရေလိုက်မတ်ပဲများ လှိုင်လှိုင်ထွက်ပေါ်၍ အကျိုးအမြတ်ပိုမိုရရှိ — စီးပွားရေးသတင်းများ | စာ ၁၈


## မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်း ပို့ကုန်များ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေး ဦးစားပေးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်း ပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် ကုန်ပစ္စည်းစစ်ဆေးမှုများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၅ ✳




# တရားမအထူးအယူခံမှု (၅)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ဦးမျိုးမောင်၊ ဦးတင်ဟုန်နှင့် ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၃/၂၀၂၃ (ရောဝတီ)၊ ၄၀/၂၀၂၃ (မွန်)၊ ၄၃/၂၀၂၃ (ရန်ကုန်)၊ ၅၀/၂၀၂၃ (ရန်ကုန်)၊ ၅၁/၂၀၂၃ (ရန်ကုန်)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၅)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"တစ်နေ့တစ်မျိုးမရိုးရတဲ့ ကောလာဟလများ"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မရပ်တန့်နိုင်သေးတဲ့ အကြမ်းဖက်သတ်ဖြတ်မှုများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စာသင်ကျောင်းများကို တိုက်ခိုက်ခြင်းနှင့် ဓားစာခံဖမ်းခြင်းသည် စစ်ရာဇဝတ်မှုဖြစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လွိုင်ကော်တက္ကသိုလ်ကို KNPP နှင့် PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကာ ပညာရေးဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို အဓမ္မဖမ်းဆီးခေါ်ဆောင်မှု ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်တွင် ဖြစ်ပွားခဲ့ပြီးနောက် ရက်ပေါင်း ၁၀၀ စွန်းစွန်းမျှသာရှိသေးသည့် ကာလ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၊ ကလေးတက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို PDF အမည်ခံ အကြမ်းဖက်သမားများက အဓမ္မဖမ်းဆီးခေါ်ဆောင်မှု ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့ပြန်သည်။

စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်သည့် ပညာရေးအဆောက်အအုံများနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိသားစုဝင်များ၊ ရုံးဝန်ထမ်းများကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခြင်း၊ ဓားစာခံဖမ်းဆီးခြင်း၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းတို့မှာ စစ်ရာဇဝတ်မှုများ ကျူးလွန်ခြင်းပင်ဖြစ်သည်။ နိုင်ငံတကာသဘောတူစာချုပ်များဖြစ်သည့် ဂျီနီဗာသဘောတူညီချက်များ(Geneva Conventions) နှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့တွင် စစ်ရာဇဝတ်မှုမြောက်သည့် အပေါ် ပြဆိုမှုများ၊ စစ်ပွဲအတွင်း လိုက်နာရမည့် လူသားချင်းစာနာမှုဆိုင်ရာ စံချိန်စံညွှန်းများပါဝင်ပြီး သုံ့ပန်းများ၊ အရပ်သားများကို အကာအကွယ်ပေးမှုများ ပါဝင်သည်။ ဂျီနီဗာသဘောတူစာချုပ်အရ ဥပဒေမဲ့ ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်း၊ နှိပ်စက်ခြင်း/လူမဆန်စွာပြုမူခြင်း၊ ကိုယ်ခန္ဓာ သို့မဟုတ် ကျန်းမာရေးကို ပြင်းပြင်းထန်ထန် ထိခိုက်စေရန် ရည်ရွယ်ပြုလုပ်ခြင်း၊ စစ်ရေးအရ လိုအပ်ကြောင်း အကြောင်းပြချက်မခိုင်လုံဘဲ အဆောက်အအုံ၊ အိမ်ရာများ ဖျက်ဆီးခြင်း၊ ဓားစာခံဖမ်းဆီးခြင်း၊ တရားဥပဒေမဲ့ ပြည်နှင်ခြင်း/ထိန်းသိမ်းချုပ်နှောင်ခြင်းတို့မှာ စစ်ရာဇဝတ်မှုများ ဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အရေးကြီးသည့် နိုင်ငံတကာသဘောတူစာချုပ်တစ်ခုဖြစ်သည့် ၁၉၉၈ ခုနှစ် ရောမဥပဒေ(Rome Statute of 1998) တွင် စစ်ရာဇဝတ်မှုများကို ဖွင့်ဆိုရာ၌ အရပ်သားပြည်သူ သို့မဟုတ် စစ်ပွဲတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း မရှိသူကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ တိုက်ခိုက်မှုပြုပါက အရပ်သားများ သေဆုံး/ဒဏ်ရာရမည်ကို သိလျက်နှင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ ခုခံမှုကင်းမဲ့နေသည့် မြို့ရွာ၊ နေအိမ်၊ အဆောက်အအုံများကို တိုက်ခိုက်ခြင်း၊ ဆေးရုံ၊ ဘာသာရေးအဆောက်အအုံ၊ ပညာရေးအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းတို့ ပါဝင်သည်။

စစ်ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ အထက်တွင် ဖော်ပြခဲ့သည့် ဖွင့်ဆိုချက်များအရ မိမိတို့နိုင်ငံတွင် အကြမ်းဖက်သမားတို့ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများ၏ အတိုင်းအတာကို တွေ့ရှိနိုင်သည်။ တိုက်ပွဲနှင့်ပတ်သက်ခြင်း မရှိ၊ လက်နက်လည်း ကိုင်ဆောင်ထားခြင်း မရှိသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြား သင်ယူမှုပြုလုပ်နေသည့် ပညာရေးရပ်ဝန်းများမှာ အန္တရာယ်ကင်းသည့်၊ ငြိမ်းချမ်းသည့် နေရာများသာ ဖြစ်သင့်သည်။ စာသင်ကျောင်းများကို စစ်စခန်းများအဖြစ် အသုံးချခြင်း၊ ကျောင်းပရဝဏ်အတွင်း ကတုတ်ကျင်းများ တူးခြင်း၊ ဘန်ကာများ တည်ဆောက်ခြင်း၊ ကျောင်းအနီးတွင် တိုက်ကွက်များဖော်ခြင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ တရားခံများသဖွယ် ဆက်ဆံပြုမူခြင်း စသည်တို့မှာ စစ်ရာဇဝတ်မှုကျူးလွန်ရာ ရောက်သကဲ့သို့ လူ့အခွင့်အရေး ချိုးဖောက်ရာလည်း ရောက်နေသည်။ လွိုင်ကော်တက္ကသိုလ်ဖြစ်စဉ်တွင် အဝေးသင်တက္ကသိုလ်စာမေးပွဲများ အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ရသလိုယခု ကလေးတက္ကသိုလ်ဖြစ်စဉ်တွင်လည်း ကျောင်းသူကျောင်းသားတို့၏ ပညာသင်အခွင့်အရေးတို့ ဆုံးရှုံးကြရဦးမည်ဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးတက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားမှုတွင် တပ်မတော်စစ်ကြောင်းက အချိန်မီ ပြန်လည်ကယ်ဆယ်မှုကြောင့် ၂၈၅ ဦး ပြန်လည်လွတ်မြောက်ခဲ့သော်လည်း အချို့ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ဓားစာခံအဖြစ် ကျန်ရှိနေရာ ၎င်းတို့ အားလုံးဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ကယ်တင်လွတ်မြောက်နိုင်ပါစေကြောင်း။ ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၂-၂၀၂၄ ကျပ်/လီတာ

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၁ | ၂၇၂၈ |
| 95 Ron | ၂၇၅၆ | ၂၈၄၄ |
| HSD (500 ppm) | ၂၄၄၄ | ၂၅၂၂ |
| HSD (50 ppm) | ၂၄၈၇ | ၂၅၆၆ |
| HSD (10 ppm) | ၂၄၉၉ | ၂၅၇၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဘားအံမြို့နယ်ရှိ သမဝါယမဦးစီးဌာနဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်း(လီမိတက်) နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ်များ ရွေးချယ်တင်မြှောက်



**ဘားအံ ဖေဖော်ဝါရီ ၂၆**

ကရင်ပြည်နယ် သမဝါယမဦးစီးဌာန ဘားအံမြို့နယ်ရှိ သမဝါယမဦးစီးဌာနဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်း (လီမိတက်) ၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ခြောက်လကာလနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တို့အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့အသစ် ရွေးချယ်တင်မြှောက်ပွဲကို ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ ဘားအံမြို့၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်နယ်နှင့်မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ အသင်းအမှုဆောင် ဒါရိုက်တာအဖွဲ့များ၊ အသင်းသား အသင်းသူများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ဘဏ္ဍာရေးနှစ်ချုပ် အစီရင်ခံစာနှင့် စာရင်းစစ်အဖွဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း အတည်ပြုခြင်း၊ အမှုဆောင်အဖွဲ့အသစ်ကို ပြန်လည်ရွေးချယ်ခြင်းများ ဆောင်ရွက်ကြပြီး အသင်းသား အသင်းသူများသို့ အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ်အတိုး စုစုပေါင်းငွေကျပ်သိန်း ၁၂ ဒသမ ၂၆၅ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဌာန၏ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအပေါ် လေးစားလိုက်နာပြီး လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝသော တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန (၁၂) ကြိမ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် (၄၉) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေနှင့် အကျဉ်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက အကျဉ်းဦးစီးဌာန၏ ရည်မှန်းချက်များ ဖြစ်သည့် လုံခြုံစွာထိန်းသိမ်းရေး၊ အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လေ့ကျင့်သင်ကြားပေးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့်ရည်မှန်းချက် (၄) ရပ်ကို အကောင်အထည် ဖော်ဆောင်နေသည့် နည်းတူ လုပ်ငန်းစဉ် (၈) ရပ်ဖြစ်သည့် လုံခြုံရေး၊ စည်းကမ်းစနစ်တကျရှိရေး၊ အကျဉ်းသားများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေး၊ အသက်မွေးဝမ်းကျောင်းပညာနှင့် စာပေပညာများ သင်ကြားပေးရေး၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဝန်ထမ်းများအနေဖြင့် စည်းကမ်းစနစ်တကျရှိရေး၊ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရေး၊ စွမ်းဆောင်ရည် မြင့်မားစေရေး၊ သက်သာချောင်ချိရေးတို့တွင်လည်း ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားရေးရည်မှန်းချက် (၂) ရပ်၊ နိုင်ငံရေးရည်မှန်းချက် (၂) ရပ်၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို **"မူဝါဒ"** အဖြစ် ခံယူပြီး ကျရာအခန်းကဏ္ဍက အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

အကျဉ်းဦးစီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် **"ကြင်နာမှုရှိပါ သို့သော် ရပ်တည်ချက် ခိုင်မြဲပါစေ"** ဟူသော ဆောင်ပုဒ်နှင့်အညီ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံဆောင်ရွက်ရန်နှင့် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရသည့်ဌာနဖြစ်သည့်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ပြည်သူလူထု အားကိုးယုံကြည်သော တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဌာန၏ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအပေါ် လေးစားလိုက်နာပြီး လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝသော တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။




ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန (၁၂) ကြိမ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယို Clip ကို ပြသသည်။

**ထောက်ပံ့ငွေများပေးအပ်**

ဆက်လက်၍ လွိုင်ကော်အကျဉ်းထောင်မှ ရဲဗလတံဆိပ်ရရှိသူ ကိုးဦးကိုယ်စား ၎င်းတို့၏ဇနီးနှင့် မိသားစုဝင်များကို ဂုဏ်ပြုလက်မှတ် ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်နှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဝန်ထမ်းများနှင့် ဌာနပြင်ပသင်တန်းများတွင် စံပြထူးချွန်ဆု ရရှိသည့်ဝန်ထမ်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက ဌာနပြင်ပသင်တန်းများတွင် စံပြထူးချွန်ဆုရရှိသူများနှင့် စစ်ရေးပြထူးချွန်ဆုရရှိသူများကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက ဌာနပြင်ပသင်တန်းတွင် ထူးချွန်ဆုရရှိသူများနှင့် အားကစားထူးချွန်ဆု ရရှိသူ ဝန်ထမ်းများကိုလည်းကောင်း၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက အုပ်ချုပ်မှုစွမ်းရည် အကောင်းဆုံးဆု ရရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် သုံးခုကိုယ်စား ကိုယ်စားလှယ် သုံးဦးကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် ဝန်ထမ်းများ၊ ဝန်ထမ်းများ၏ ဇနီးများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တောင်ငူတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် တောင်ငူမြို့နယ်ရှိ ဒေသခံပြည်သူများအား ကိုယ်ရေးအချက်အလက်များကောက်ယူ၍ e-ID စနစ် လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမသို့ ရောက်ရှိရာ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးနှင့် တာဝန်ရှိသူများက ခရိုင်အတွင်း နယ်မြေဒေသ အခြေအနေ၊ မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့်စာရင်းများ စိစစ်အတည်ပြုဆောင်ရွက်မှု၊ ပန်းခင်းစီမံချက်နှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးအတွက် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မဲစာရင်းမှန်ကန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုနှင့် အချက်အလက်များမှန်ကန်ရေးအတွက် ဆောင်ရွက်နေမှု၊ မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ပေးမှုနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူရေး လုပ်ငန်းဆောင်ရွက်နေမှုတို့သည် နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်ပြီး ဒေသအာဏာပိုင်များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး မှာကြားကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများသို့ သွားရောက်၍ ရုံးခန်းများ၊ ရုံးစာရွက်စာတမ်းများ၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှု အခြေအနေ၊ ဝန်ထမ်းများက ခရိုင်အတွင်းရှိ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ၊ နိုင်-၄ မှတ်တမ်းနှင့် အိမ်ထောင်စုစာရင်းပါ အချက်အလက်များကို နေပြည်တော်ရုံးချုပ်မှ e-ID Sever အတွင်းရှိ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ် ဖြည့်သွင်းပြင်ဆင်အတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူတက္ကသိုလ်ရှိ စာသင်ဆောင်များ၌ တောင်ငူမြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက တောင်ငူတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထုတ်ပေးခြင်း၊ e-ID စနစ်ဖြင့် Biographic / Biometric ကောက်ယူခြင်းလုပ်ငန်းတို့ကို One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုပြီး **(အပေါ်ပုံ)** ပြည်သူများအတွက် ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရေးနှင့် အချက်အလက်ကွဲလွဲမှုများရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ပြင်ဆင်အတည်ပြု ဆောင်ရွက်ပေးရေး မှာကြားကာ လာရောက် ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများအား e-ID စနစ်နှင့်ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

**e-ID စနစ်ဖြင့် Unique ID နံပါတ်များထုတ်ပေး**

အဆိုပါအခမ်းအနားတွင် တောင်ငူတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထုတ်ပေးခြင်း၊ e-ID စနစ်အတွက် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) များ ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းကို တစ်နေရာတည်းတွင် တစ်ပါတည်းဆောင်ရွက်ပေးခြင်းဖြစ်ရာ နိုင်ငံသားကတ်မရှိသေးသူနှင့် လဲလှယ်သူ ၆၂ ဦးကို နိုင်ငံသားကတ် ထုတ်ပေးခဲ့ပြီး နိုင်ငံသားကတ်ရှိပြီးသူ ၁၀၀ စုစုပေါင်း ၁၆၂ ဦးကို e-ID စနစ်ဖြင့် Unique ID နံပါတ်များ ထုတ်ပေးခဲ့သည်။

**ပြည်သူများကိုယဉ်ကျေးပျူငှာစွာဆက်ဆံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ တောင်ငူခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအားတွေ့ဆုံပြီး ပြည်သူများကို ယဉ်ကျေးပျူငှာစွာ ဆက်ဆံ၍ ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရေးနှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကောလိပ်ခန်းမ၌ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွသုံးဆောင်ခဲ့ပြီး ဝန်ထမ်းစားရိပ်သာအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ နိုင်ငံရေးရာဦးစီးဌာန၊ အာဆီယံရေးရာဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနများမှ အရာထမ်းနှင့် အမှုထမ်းဝန်ထမ်းများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ နိုင်ငံရေးရာဦးစီးဌာန၊ အာဆီယံရေးရာဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနတို့မှ အရာထမ်းနှင့် အမှုထမ်းဝန်ထမ်းများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။



### ပူးပေါင်းဆောင်ရွက်

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအကျိုးအတွက် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနှင့် ကွပ်ကဲမှုသည် အရေးကြီးကြောင်း၊ စီမံခန့်ခွဲမှုကောင်းမှသာ မူဝါဒချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မျှတမှု၊ မှန်ကန်မှုရရှိမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ အခက်အခဲများ၊ လိုလားချက်များကို သိရှိရပါက ပူးပေါင်းဖြေရှင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံတော်အပေါ် သစ္စာစောင့်ထိန်းရန်၊ နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းအတွက် အချိန်ကို အကျိုးရှိစွာ အသုံးပြုရန်၊ တစ်ပါးသူများကို ကူညီရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် ခေတ်စနစ်နှင့်အညီ မှန်မှန်နှင့်မြန်မြန်လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် လုပ်ငန်းခွင်တွင် ပျော်ပျော်ရွှင်ရွှင် တာဝန်ထမ်းဆောင်ရန်လည်း လိုအပ်ကြောင်း၊ အဓိကအနေဖြင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ၍ ပျော်ရွှင်စွာလုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာသော ဝန်ထမ်းများက လိုအပ်ချက်များနှင့် အကြံပြုချက်များကို တင်ပြကြရာ သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လူမျိုးသုဉ်းသတ်ဖြတ်ခြင်းဆိုင်ရာ တိုင်ကြားမှုများအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၏ အရေးယူဆောင်ရွက်မှုများကို ဘာသာရပ်ဆိုင်ရာ ဆန်းစစ်ခြင်းဆွေးနွေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ကြီးကြပ်မှုဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် ဥပဒေပညာဌာနနှင့် နိုင်ငံရေး သိပ္ပံပညာဌာနများ၏ "လူမျိုးသုဉ်း သတ်ဖြတ်ခြင်း တိုင်ကြားမှုများအပေါ် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) ၏ အရေးယူဆောင်ရွက်မှုများကို ဘာသာရပ်ဆိုင်ရာ ဆန်းစစ်ဆွေးနွေးခြင်း" အခမ်းအနားကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ပညာဌာနများမှ ပါမောက္ခ၊ ဌာနမှူးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေအကြံပေးအဖွဲ့ ခေါင်းဆောင်နှင့် တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီးနောက်ပိုင်း နောက်ထပ်အလားတူ ကမ္ဘာ့စစ်ကြီး မဖြစ်အောင် ကာကွယ်ရန် ကုလသမဂ္ဂကို ဖွဲ့စည်းခဲ့ပါကြောင်း၊ သို့သော်လည်း စစ်အေးကာလနှင့် ယင်းနောက်ပိုင်းတွင် ဒေသန္တရစစ်ပွဲများ၊ ကိုယ်စားစစ်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည့်အတွက် နိုင်ငံအချင်းချင်း အငြင်းပွားမှုများကို ဥပဒေကြောင်းအရ ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံပေါင်းစုံပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) နှင့် ကုလသမဂ္ဂ၏ တရားစီရင်ရေးအဖွဲ့ဖြစ်သော နိုင်ငံတကာတရားရုံး (ICJ) စသည့် တရားရုံး နှစ်ခု ဖွဲ့စည်းထားကြောင်း။

### ကာကွယ်စောင့်ရှောက်

လူမျိုးသုဉ်း သတ်ဖြတ်မှု၊ လူသား မျိုးနွယ်စုများအပေါ် ရာဇဝတ်မှုကျူးလွန်သော ပုဂ္ဂိုလ်များကို အရေးယူအပြစ်ပေးနိုင်ရန် ICC က အရေးယူဆောင်ရွက်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အချင်းချင်း ဥပဒေကြောင်းအရ အငြင်းပွားမှုများကို ဖြေရှင်းပေးရန် ICJ ကို ဖွဲ့စည်းပေးခြင်းဖြစ်ကြောင်း၊ ICJ တရားရုံး၏ ဆုံးဖြတ်ချက်များကို လိုက်နာစေရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကသာ အာဏာအရှိဆုံးဖြစ်၍ ယင်းအပေါ်တွင်မူတည်ကြောင်း၊ တရားရုံးများ၏ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ နောက်ဆက်တွဲဝေဖန်မှုများ အမြဲကြုံတွေ့နေရကြောင်း၊ အခြေခံ အကြောင်းခြင်းရာများ လွန်စွာ မကွဲပြားသော်လည်း လက်ခံကြားနာမှုရလဒ်များမှာ အံ့သြဖွယ်ကောင်းလောက်အောင် မတူညီမှုများကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များရှိ ဆရာ ဆရာမများအနေဖြင့် အဆိုပါ ဆုံးဖြတ်ချက်အခြေအနေများကို လေ့လာသုံးသပ်ပြီး မိမိတို့နိုင်ငံသားများ၏ အသက်အိုးအိမ် အကျိုးစီးပွားကို ကာကွယ်ရေး အင်အားဖြင့် ကာကွယ်ပေးရသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတကာ ဥပဒေများနှင့် စီရင်ထုံးများကို လေ့လာသုံးသပ်ပြီး ဥပဒေများကို အသုံးချကာ မဖြစ်မနေ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်ကို သိရှိစေရန်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

### ဆွေးနွေးတင်ပြ

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) ၏ လူမျိုးသုဉ်း သတ်ဖြတ်ခြင်းဆိုင်ရာ တိုင်ကြားမှုများအပေါ် အရေးယူဆောင်ရွက်မှုများအနက် "ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံ" အကြောင်းအရာကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဥပဒေပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါ်ဝါဝါလွင်နှင့် တွဲဖက်ပါမောက္ခ ဒေါ်စန်းယုမော်တို့က ဥပဒေရှုထောင့်မှနေ၍ လည်းကောင်း၊ နိုင်ငံရေးသိပ္ပံပညာဌာနမှ ခေတ္တပါမောက္ခ၊ ဌာနမှူး ဦးတင်စိုးက နိုင်ငံရေးရှုထောင့်မှ လည်းကောင်း၊ "တောင်အာဖရိကနိုင်ငံနှင့် အစ္စရေးနိုင်ငံ" အကြောင်းအရာများကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဥပဒေပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာပွင့်ဖြူသန့်က ဥပဒေရှုထောင့်မှနေ၍လည်းကောင်း၊ နိုင်ငံရေးသိပ္ပံပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါ်ဝင်းစန္ဒာဦးက နိုင်ငံရေးရှုထောင့်မှလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆွေးနွေးမှုများအပေါ်တွင် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းနှင့် လိုအပ်သည့် အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ကြပြီး အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ ***ရွှေဖုံးမှ***

ကျိုက်မရောမြို့နယ်၌ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ရော်ဘာလုပ်ငန်းကို အဓိက လုပ်ကိုင်သူများအနက် ရာပြည့် ရော်ဘာ ရောင်းဝယ်ရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သည့် ဦးဇော်ထူးက ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်က စတင်လုပ်ကိုင်ခဲ့ပြီး မုဒုံ၊ ပိန်းနဲကုန်း၊ ကျိုက်မရော စသည့်နေရာ သုံးခုတွင် ရော်ဘာရောင်းဝယ်ရေးလုပ်ငန်း ဒိုင်များဖွင့်လှစ်ထားပြီး ဒေသထွက် ရော်ဘာကုန်ကြမ်းများကို ဝယ်ယူဖြန့်ဖြူးနေကြောင်း၊ ယခုနှစ်တွင် ရော်ဘာဈေးကွက်မှာ ယခင်နှစ်ကထက် ပိုမိုမြင့်တက်လာသဖြင့် ဒေသထွက် ရော်ဘာပြားများ ဝယ်လိုအားကောင်း၍ ဈေးကောင်းရကာ သန့်စင်ပြီး ရော်ဘာတစ်ပြားလျှင် ငွေကျပ် ၆၀၀၀ မှ ၇၀၀၀ အထိရကြောင်း၊ ပေါင်နှင့်ဆိုလျှင် တစ်ပေါင်ကို ငွေကျပ် ၁၈၀၀ ခန့်ရရှိကြောင်း ပြောကြားသည်။

အဆိုပါ ရော်ဘာပြားများကို ဖြန့်ချိမှုအနေဖြင့် ရန်ကုန်မြို့ရှိ ဒိုင်များသို့ တင်ပို့ရောင်းချပြီး ကုန်သည်များမှာယူသည့် ရော်ဘာပေါင်ချိန်အတိုင်း ထုပ်ပိုးရောင်းချခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းတို့မှတစ်ဆင့် တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း ရာပြည့်ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းမှလုပ်ငန်းရှင် ဦးဇော်ထူး၏ ပြောပြချက်အရ သိရသည်။

ကျိုက်မရောမြို့နယ်အတွင်းရှိ ရော်ဘာခြံငယ်များမှ ထွက်ရှိသည့် အရည်အသွေးစံချိန်မီ ရော်ဘာပြားများကိုအခြေခံပြီး လူသုံးကုန်ပစ္စည်း ကုန်ချောထုတ်လုပ်နိုင်ပါက စီးပွားရေးပိုမိုမြင့်မားကာ ရော်ဘာအခြေခံ (MSME) လုပ်ငန်းကဏ္ဍ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မိချို (ကျိုက်မရော)**

✳ ***ရွှေဖုံးမှ***

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ၂၃-၂-၂၀၂၄ ရက်နေ့တွင် မြေပဲဆန် (အခွံပါ) ၅၀ ဒသမ ၀၀ တန်၊ ကြက်သွန်နီ ၆၆၆ ဒသမ ၄၈ တန်၊ ငရုတ်သီး(အခြောက်) ၈၈ ဒသမ ၀၅၆ တန်၊ ငရုတ်သီး(အစို) ၂၇ ဒသမ ၀၂၅ တန်၊ နနွင်းတက် ၁၀ ဒသမ ၀၀ တန်၊ ပီလောပီနံ (အခြောက်) ၂၉၅ ဒသမ ၀၀ တန်နှင့် ဖိနပ် ၁၈၉၀ ဒသမ ၀၀ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပလတ်စတစ်ကုန်ကြမ်း၊ သံနှင့်သံမဏိ ပစ္စည်းများ၊ သွပ်ပြားပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အခြားစက္ကူများ၊ လေအေးပေးစက်၊ စားသောက်ကုန်ပစ္စည်း၊ တာယာနှင့်ကျွတ်များနှင့် စက်မှုကုန်ကြမ်းတို့ ဖြစ်သည်။ **DOT (မြဝတီ)**

# ရွေးကောက်ပွဲအရာရှိအနေဖြင့် ရုံးတာဝန်၊ အတွင်းရေးမှူးအနေဖြင့် ရွေးကောက်ပွဲတာဝန်တို့ကို ထမ်းဆောင်ရမည်



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအသီးသီးတို့တွင် တာဝန်ထမ်းဆောင်မည့် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့် သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**မြို့နယ်ရွေးကောက်ပွဲအရာရှိ တာဝန်ပေးအပ်မည်**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက သင်တန်းသားများအနေဖြင့် ရွေးကောက်ပွဲနှင့် ရုံးလုပ်ငန်း တာဝန်နှစ်ခု တစ်ပြိုင်တည်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် အချက်များ၊ ရွေးကောက်ပွဲကော်မရှင်၏ ရုံးလုပ်ငန်းပိုင်းဆိုင်ရာများကို သိရှိထားရန် လိုအပ်သည့်အတွက် သင်တန်းဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း၊ သင်တန်းသားအရာရှိများကို မြို့နယ်ရွေးကောက်ပွဲ အရာရှိတာဝန်ပေးအပ်မည်ဖြစ်ပြီး အများယုံကြည်လေးစားသည့်ပုဂ္ဂိုလ်များ ခန့်အပ်ပြီးသည့်အခါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဖြစ်လာမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအရာရှိအနေဖြင့် ရုံးတာဝန်၊ အတွင်းရေးမှူးအနေဖြင့် ရွေးကောက်ပွဲတာဝန်တို့ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း။

**သုံးဦးသုံးဖလှယ် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်**

ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးသည့် လုပ်ငန်းဖြစ်ကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေး အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ရွေးကောက်ပွဲမကျင်းပမီ အထိ စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် ကော်မရှင်၊ နိုင်ငံရေးပါတီနှင့် မဲဆန္ဒရှင်ပြည်သူ သုံးဦးသုံးဖလှယ် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ အောင်မြင်ရန်အတွက် ကော်မရှင်က အဓိကကျပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်ပိုင်နိုင်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြောဆိုဆက်ဆံရေးပိုင်းတွင်လည်း အများလေးစားယုံကြည်၍ အားလုံးနှင့် အဆင်ပြေစွာ ပြောဆိုလုပ်ကိုင်ကြရန်လိုကြောင်း၊ အရေးကြီးဆုံးမှာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

**မတ် ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်**

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၇ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကလေးများအတွက် အရှေ့တောင်အာရှဗီဒီယိုပွဲတော် တည်ထောင်သူဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာတို့၏ ရိုးသားဖြူစင်မှု၊ စေတနာသဒ္ဓါတရားထက်သန်မှုတို့နှင့်အတူ မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းမွန်မှုကို ပြသလိုကြောင်းဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကလေးများအတွက် အရှေ့တောင်အာရှ ဗီဒီယိုပွဲတော် (Southeast Asia Video Festival for Children– SEAVFC) တည်ထောင်သူဥက္ကဋ္ဌ Ms. ELVIRA YAP Go နှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံ၍ စတုတ္ထအကြိမ် SEAVFC ကျင်းပရေးအပါအဝင် လူငယ်ကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။ **(ယာပုံ)**




**တီထွင်ဖန်တီးမှုတွင်ပိုမိုအားကောင်း**

ရှေးဦးစွာ SEAVFC ဥက္ကဋ္ဌက ပုဂ္ဂလိကအစီအစဉ်အဖြစ် စေတနာ၊ မေတ္တာအခြေခံကာ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဤအဖွဲ့ကိုဖွဲ့စည်းပြီး စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ခေတ်လူငယ်များသည် တီထွင်ဖန်တီးမှုတွင် ပိုမိုအားကောင်းပါကြောင်း၊ SEAVFC ကို မိမိဦးစီးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒါရိုက်တာအဖွဲ့နှင့် ဒိုင်အဖွဲ့များနှင့် ပူးပေါင်းဖွဲ့စည်းထားပါကြောင်း၊ SEAVFC ပွဲတော်၏ ပထမနှင့် ဒုတိယအကြိမ်များကို ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တို့တွင် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပ၍ တတိယအကြိမ်ပွဲတော်ကို ၂၀၁၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် ကိုဗစ်–၁၉ ကြောင့် ပွဲတော်ကျင်းပမှု ရပ်ဆိုင်းခဲ့ပါကြောင်း၊ စတုတ္ထအကြိမ် ပွဲတော်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း မလေးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံနှင့်လည်း ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

**လူငယ်ကဏ္ဍကို များစွာအလေးထား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအစိုးရအနေဖြင့် လူငယ်ကဏ္ဍကို များစွာအလေးထားပြီး ဦးစားပေးကဏ္ဍအဖြစ် ကြိုးပမ်းဆောင်ရွက်နေရာ လူငယ်ကဏ္ဍဆိုင်ရာ လှုပ်ရှားမှုများကို ဒေသတွင်းနိုင်ငံများနှင့်အတူ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မြန်မာတို့၏ ရိုးသားဖြူစင်မှုနှင့် စေတနာသဒ္ဓါတရား ထက်သန်မှုတို့နှင့်အတူ မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းမွန်မှုကို ပြသလိုပါကြောင်း ဆွေးနွေးပြောကြားပြီး အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

**ဆုများရရှိခဲ့**

အဆိုပါ ကလေးများအတွက် အရှေ့တောင် အာရှပွဲတော် (SEAVFC) ကို ၂၀၁၇ ခုနှစ်မှစ၍ သုံးကြိမ် ကျင်းပခဲ့ရာ ပြိုင်ပွဲတိုင်းတွင် မြန်မာနိုင်ငံမှ ဆုများ ရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်က ပညာရှင်အဆင့် ပြိုင်ပွဲတွင် ဒါရိုက်တာ ကျော်နှင်းဆီ ၏ May The Fragrance of Thanakha Last (သနပ်ခါးရနံ့လေး အစဉ်မွှေးစေလို) ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဗီဒီယိုဇာတ်လမ်းဖြင့် လည်းကောင်း၊ ၂၀၁၈ ခုနှစ်က အသက် ၉ နှစ်မှ ၁၂ နှစ် ဝါသနာရှင် အဆင့်တွင် မစုလင်းလဲ့က Everyday Heores ဗီဒီယိုဇာတ်လမ်းတိုနှင့် အသက် ၁၃ နှစ်မှ ၁၆ နှစ် ဝါသနာရှင် အဆင့်တွင် မစုလတ်ရွှေရည်ဇော်က Smile ဗီဒီယို ဇာတ်လမ်းတိုတို့ဖြင့် လည်းကောင်း၊ ၂၀၁၉ ခုနှစ်က အသက် ၉ နှစ်မှ ၁၂ နှစ် ဝါသနာရှင် အဆင့်ပြိုင်ပွဲတွင် မောင်အာကာမင်းခန့်က လည်းကောင်း ဆုများရရှိခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိလစ်ပိုင်နိုင်ငံ အငြိမ်းစား သံအမတ်ကြီး Ambassador Minda C. Curz နှင့် ဖိလစ်ပိုင်နိုင်ငံ Anak TV ရုပ်သံဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် SEAVFC ဥက္ကဋ္ဌ Ms. ELVIRA YAP Go နှင့် အဖွဲ့သည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ခဲ့ကြသည်။

**သတင်းစဉ်**



# ရွှေတောင်မြို့နယ်၌ နိုင်ငံ့စီးပွားရန်ပုံငွေမှ လုပ်ငန်းရှင်များအား ထောက်ပံ့ငွေပေးအပ်

**ရွှေတောင် ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်းရှင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်း အောင်က မြို့နယ်အတွင်း (MSMEs) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်မှချေးငွေများ ထောက်ပံ့ထုတ်ချေးနေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ဒေါ်ခင်ဝင်းမာ (လင်းရောင်ခြည် ယိုစုံ လုပ်ငန်း) အတွက် ချေးငွေကျပ် သိန်း ၃၀၀၊ ဒေါ်ဖြိုးပပအောင် (ရွှေလွန်းဖြူ ချည်ထည်လုပ်ငန်း) အတွက် ချေးငွေကျပ်သိန်း ၂၀ နှင့် ဒေါ်ခိုင်ရည်မွန် (ရွှေလာဘ်အိမ်ချည်ထည်လုပ်ငန်း) အတွက် ချေးငွေကျပ် သိန်း ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၃၄၀ တို့ကို လုပ်ငန်းရှင်များ လက်ဝယ်သို့ စာချုပ်စာတမ်းများ ပြည့်စုံစွာဖြင့် ထုတ်ချေးပေးသည်။ **(ဝဲပုံ)**

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSMEs) လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းမှ MSMEs လုပ်ငန်းရှင် သုံးဦး တက်ရောက်ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

# ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ခရိုင်များတွင် တာဝန်ထမ်းဆောင်နေသော လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်များတွင် တာဝန် ထမ်းဆောင်နေသော လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)များနှင့် ကြီးကြပ်သူ စုစုပေါင်း ၁၁၅ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏ သီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထု ကံတော်တွင် တည်ထားပူဇော် သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော် များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား လာရောက် ဖူးမြော် ကြည်ညိုကြသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်များတွင် တာဝန် ထမ်းဆောင်နေသော လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)များနှင့် ကြီးကြပ်သူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ဦးစွာ ရှင်းလင်းဆောင်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည် ဆောက်ပူဇော်ခြင်းနှင့် ထိန်း သိမ်းခြင်း လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရ ဝိဇယဘုရားကြီး တည်ထား ကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ် ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင် ခဲ့မှု၊ လက်ရှိထိန်းသိမ်း ဆောင်ရွက် နေမှု၊ ခေတ်မီစက်ကိရိယာ များအသုံးပြု၍ ကျောက်စာရုံ စေတီတော်များ တည်ထား ဆောင်ရွက်ခဲ့မှုနှင့် သာသနာရေး ဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပ နိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်း ပြောကြားကြပြီး မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး အောင်မြင် စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု ဗီဒီယို မှတ်တမ်းကို ပြသသည်။

ထို့နောက် လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)များနှင့် ကြီးကြပ်သူများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင် ပြေချောမွေ့စွာ လာရောက်ဖူးမြော် နိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးမှုများနှင့် ရုပ်ပွားတော် မြတ်ကြီး တည်ထားပူဇော်ခဲ့မှု လုပ်ငန်းစဉ် အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြား ပေးမှုများအပေါ် ကျေးဇူးတင် စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင် စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေ အနေနှင့်စပ်လျဉ်း၍ သိရှိလိုသည် များကို မေးမြန်းကြရာ တာဝန်ရှိသူ များက အသေးစိတ်ပြန်လည် ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) များနှင့် ကြီးကြပ်သူများ သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဘုရားရင်ပြင် တော် ပတ်လည်၌ စကျင်ကျောက် များ အသုံးပြု၍ တည်ဆောက် ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်း တိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ် တော် ပုံစံငယ် ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိ သာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များနှင့် အခြားသာသနိက အဆောက်အဦ များကို ဖူးမြော်လေ့လာကြည်ညို ခဲ့ကြပြီး အလှူငွေများ ပေးအပ် လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား အနယ် နယ် အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော် မြတ်ကြီးအား လာရောက် ဖူးမြော်ခဲ့ကြသည့် လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)များနှင့် ကြီးကြပ်သူများ၏ ရင်တွင်းစကားသံ များကို ယခုလိုကြားသိခဲ့ရသည်။







မာရဝိဇယဘုရား ရုပ်ပွား တော်မြတ်ကြီးကို အခုလိုမျိုး လာရောက် ဖူးမြော်ခွင့်ရတဲ့ အတွက်ကြောင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသား တစ်ယောက် အနေနဲ့ကော၊ ဗုဒ္ဓဘာသာဝင် ပြည်သူတစ်ယောက်အနေနဲ့ကော များစွာကြည်နူးပီတိဖြစ်မိပါတယ်။ ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးကို မြန်မာနိုင်ငံသား အင်ဂျင်နီယာ တွေနဲ့ တည်ထားကိုးကွယ်နိုင်ခဲ့ တာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်မကိုယ်တိုင်ကလည်း အင်ဂျင် နီယာတစ်ယောက်ဖြစ်တဲ့အတွက် အခုလိုမျိုး ပြည်ပအကူအညီ မပါဘဲနဲ့ ကိုယ့်ရဲ့ နိုင်ငံသူ၊ နိုင်ငံသား အင်ဂျင်နီယာတွေနဲ့ တည်ထား ကိုးကွယ်နိုင်တာ ဖြစ်တဲ့အတွက်ကြောင့် များစွာ ဂုဏ်ယူမိပါတယ်။ ဒီရုပ်ပွား တော်မြတ်ကြီးကို တည်တံ့ ခိုင်မြဲဖို့အတွက်ဆိုရင် မြန်မာ ပြည်သူ၊ ပြည်သားတွေအနေနဲ့ လည်း ချမှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေကို အားလုံး လေးစား လိုက်နာပြီးတော့ စုပေါင်း ညီညာစွာဖြင့် ထိန်းသိမ်း စောင့်ရှောက်သွားမယ် ဆိုရင် ကမ္ဘာတည်သရွေ့ ဗုဒ္ဓသာသနာ ထွန်းကားနေမှာ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်ရှင်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးကို ဖူးမြော်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရ ပါတယ်။ ဒီမှာရှိတဲ့ ကျောက်စာ တိုင်တွေကိုလည်း ဖတ်ရှုမှတ်သား ရတဲ့အတွက် အသိဉာဏ် ဗဟု သုတလည်းရရှိသလို ဂုဏ်ယူ ဝမ်းသာမိပါတယ်။ ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးကို လာရောက် ဖူးမြော်ဖို့အတွက် ပို့ဆောင်ပေးတဲ့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကြီး ကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒီကို လာရောက် ဖူးမြော်ဖို့အတွက် ပို့ဆောင်ပေးတဲ့ ဆောက်လုပ် ရေးဝန်ကြီးဌာနကိုလည်း ကျေးဇူး တင်ကြောင်း ပြောကြားလို ပါတယ်။

ကျွန်မတို့ဆိုရင် နယ်မှာ တာဝန် ထမ်းဆောင်တာပေါ့။ တာဝန်ထမ်းဆောင်တဲ့ အချိန်မှာ ဆိုရင် ဒီမာရဝိဇယ ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးကို ကျွန်မတို့ ဒီနေပြည်တော်ရောက်မှ ဖူးရတာ ဖြစ်ပါတယ်။ အထူးအစီအစဉ် အနေနဲ့ ကျွန်မတို့ကို စီစဉ်ပေး တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နဲ့တကွ ဌာနအကြီးအမှူးများ အားလုံး၊ ဘုရားကြီးကို တည်ထားကိုးကွယ် ပေးတဲ့ ဦးဆောင်ဘုရားဒါယကာ ကြီးကိုလည်း အထူးကျေးဇူးတင်ရှိ ပါတယ်။ ပန်းဆယ်မျိုးဖြစ်တဲ့ ပန်းချီ၊ ပန်းပု စတဲ့လက်ရာတွေ ပါတယ်။ ပြီးတော့ မြန်မာမှု၊ မြန်မာ့ဟန်တွေပါတယ်။ မြန်မာ အင်ဂျင်နီယာတွေရဲ့ စွမ်းဆောင်မှု တွေလည်းပါတယ်။ အဲဒီအတွက် လည်း ကျွန်မတို့ ဗုဒ္ဓဘာသာဝင် တစ်ယောက် အနေနဲ့ကော၊ မြန်မာ့အင်ဂျင်နီယာ တစ်ယောက် အနေနဲ့ကော ပြီးတော့ မြန်မာ နိုင်ငံသားတစ်ယောက် အနေနဲ့ပါ ဝမ်းသာကြည်နူးပီတိ ဖြစ်မိပါ တယ်ရှင့်။ ။

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိရာ ယနေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် Mytel Co.,Ltd တို့မှ ဝန်ထမ်းမိသားစုများနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။**

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် Mytel Co.,Ltd တို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

ထိုသို့ ပေးအပ်လျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် Mytel Co.,Ltd တို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀၀ နှင့် ငွေကျပ် ၂၂၅၀၀၀၀ တန်ဖိုးရှိ ကာဘော်လစ်ဆပ်ပြာများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၉၁၅၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ Mytel Co.,Ltd မှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၂၅၀၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အလှူရှင်များက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်ထံ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ငွေကျပ်သိန်း ၅၀၀ ကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများနှင့်အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ ပြောကြားကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်ထံ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ပေးအပ်သည့် ငွေကျပ်သိန်း ၅၀၀ ကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ တပ်မတော်သား မိသားစုဝင် မွေးကင်းစမှ ၅ နှစ်အထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ တပ်မတော်သားမိသားစုဝင် မွေးကင်းစ မှ ၅ နှစ်အထိ ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးထိုး/ တိုက်ကျွေးခြင်းနှင့် ဗီတာမင်(A) တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ နယ်မြေခံတပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မန္တလေးတပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ ကလေးငယ် ၃၁၆ ဦးတို့ကို ဝက်သက်၊ ဂျိုက်သိုး၊ (BCG)၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေးနှင့် ဗီတာမင်(A)များ ထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးသည်။

**အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်ရေးအတွက် အသိပညာပေးခြင်းနှင့် အလေ့အကျင့်ကောင်းများ ဖလှယ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၆

**မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် အကောင်အထည်ဖော်ခွင့်ရရှိခဲ့သော စီမံချက်ဖြစ်သည့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership – RCEP) သဘောတူစာချုပ် အကောင်အထည်ဖော်ရေးအတွက် အသိပညာပေးခြင်းနှင့် အလေ့အကျင့်ကောင်းများ ဖလှယ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။** (ယာပုံ)

ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Mr. Zheng Zhihong နှင့် မဲခေါင် – လန်ချန်း အဖွဲ့ဝင်နိုင်ငံ သံရုံးများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်း ညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကျွမ်းကျင်ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာဝန်ကြီးဌာန ၁၀ ခု တို့မှ အဆင့်မြင့် အရာရှိကြီးများ၊ မဲခေါင် – လန်ချန်း အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် သည် ပွင့်လင်း၍ အားလုံးပါဝင်သည့် စည်းမျဉ်း အခြေခံနိုင်ငံစုံ ကုန်သွယ်ရေးစနစ်တစ်ခုဖြစ်ပြီး ဒေသတွင်း ကုန်သွယ်မှုအခွင့်အလမ်းသစ်များကို ဖန်တီး၍ စီးပွားရေးပြန်လည်ထူထောင်မှုကိုလည်း အရှိန်မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပ သည့် ဆွေးနွေးပွဲသည် RCEP သဘောတူစာချုပ်ကို ပိုမိုနားလည်သဘောပေါက်နိုင်စေရန်နှင့် အသုံးပြုမှု ပိုမိုမြင့်မားလာစေရန်တို့အတွက် ရည်ရွယ်၍ ကျင်းပ ရခြင်းဖြစ်ကြောင်း၊ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ပါ အကောက်ခွန်နှင့် ပင်ရင်းနိုင်ငံစည်းမျဉ်းတို့ကို နားလည်ခြင်းအားဖြင့် အကောက်ခွန်သက်သာခွင့် အကျိုးကျေးဇူးများကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှရရှိခဲ့သည့် ဗဟုသုတများနှင့် အတွေ့ အကြုံများကို အသုံးပြု၍ ဒေသတွင်း ဘက်စုံစီးပွား ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွား ရန် အစိုးရအရာထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍကို တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Mr. Zheng Zhihong က တရုတ်နိုင်ငံသည် RCEP သဘောတူစာချုပ်အား အရည်အသွေးမြင့်မားစွာဖြင့် အကောင်အထည်ဖော် နိုင်ရန် အစဉ်အမြဲ မြှင့်တင်ပေးလျက်ရှိကြောင်း၊ ဈေးကွက်ဖွင့်လှစ်မှု ကတိကဝတ်များအပါအဝင် အကောက်ခွန်လျှော့ချရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှု ဆောင်ရွက်ချက်များတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်လျက်ရှိကြောင်း၊ RCEP အဖွဲ့ဝင်နိုင်ငံများ နှင့် တရုတ်နိုင်ငံတို့အကြား စုစုပေါင်းကုန်သွယ်မှုသည် သဘောတူစာချုပ် အသက်မဝင်မီ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၂၃ ခုနှစ်တွင် ယွမ် ၁၂ ဒသမ ၆ ထရီလီယံအထိ ရောက်ရှိခဲ့ပြီး ၅ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးလာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ယွမ် ၆ ဒသမ ၄၁ ထရီလီယံသို့ ရောက်ရှိခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်– လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံသည် စိုက်ပျိုးရေး ကဏ္ဍအပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကဏ္ဍအသီးသီးတွင် အမေရိကန် ဒေါ်လာ ၃၁ သန်းကျော်တန်ဖိုးရှိ စီမံကိန်း ၁၀၆ ခုကို ယနေ့အထိ လက်ခံရရှိထားပြီးဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ တရုတ်၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူ စာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူ စာချုပ်ပါ ကုန်စည်ကုန်သွယ်ရေးအခန်း၊ ပင်ရင်းနိုင်ငံ စည်းမျဉ်း၊ အကောက်ခွန်သွေဖည်မှုများ၊ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့ စေရေး စသည်တို့ကို ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး RCEP သဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ နှင့် စိန်ခေါ်မှုများကိုလည်း မျှဝေသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲကို တရုတ်နိုင်ငံ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ဆောင်ရွက် ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ် ၄၀ ၊ တရုတ်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦး၊ ကမ္ဘောဒီးယား နိုင်ငံမှ ကိုယ်စားလှယ် ၁၀ ဦး၊ လာအိုနိုင်ငံမှ ကိုယ်စား လှယ် ၁၀ ဦး၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ် ကိုးဦး၊ ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ် ငါးဦး စုစုပေါင်း ၇၅ ဦးတက်ရောက်ကြပြီး ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ နေပြည်တော်၌ လူကိုယ်တိုင် တက်ရောက်သည့် အစီအစဉ်ဖြင့် ကျင်းပခြင်း ဖြစ်သည်။

RCEP သဘောတူစာချုပ်သည် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် ကမ္ဘာ့ အကြီးဆုံး လွတ်လပ်သော ကုန်သွယ်မှု သဘောတူ စာချုပ်တစ်ခုဖြစ်သည်။ RCEP သဘောတူစာချုပ်တွင် ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး၊ မူပိုင်ခွင့်၊ အစိုးရဝယ်ယူမှု၊ ယှဉ်ပြိုင်မှု၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် စည်းမျဉ်းအသစ်များ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေး

**ပဲခူး ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာ အုပ်စု၌ လက်ဆွဲ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသည့် တစ်ကွင်းတစ်ဆက်တည်း နွေစပါးဧက ၁၀၀ စုပေါင်းခုတ်မြေသြဇာ ကြဲပက်ခြင်းနှင့် တမန်းနှိုးခြင်း ဆောင်ရွက်နေမှုကို ကွင်းဆင်း ကြည့်ရှုအားပေးပြီး သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကန်ရိုးကျေးရွာ၌ ဦးနိုင်နိုင်ကျော်၏ တန်ဖိုးနည်း ဒေသထွက်ကုန်ဖြစ်သော ရဲယိုသီး၊ ပျဉ်းမရွက်၊ ပဲပိုးတီ၊ ခနဲဖူး၊ ရှဉ့်မတက်၊ ချဉ်ပေါင်ဖာလာ၊ ကြက်ဆူရွက်၊ ကြောင်လျှာသီး အစေ့၊ ပိန်းရိုး၊ ဝါးနီး စသည်တို့ကို အခြောက်ခံ၍ ပြည်ပနိုင်ငံများသို့ တိုက်ရိုက်တင်ပို့နေသည့် အလုပ်ရုံ နှင့် ကောင်းစစ်သွေး ငါးရှဉ့်ပွဲရုံများ သို့ သွားရောက်ကြည့်ရှုအားပေး ပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်လေးပင်မြို့ မြို့မ(၃) ရပ်ကွက်ရှိ ကျော်ကြား ရေတုံကင် ထုတ်လုပ်ရေးနှင့် သွပ်ပြားအမျိုးမျိုး ထုတ်လုပ်ရေး အလုပ်ရုံများသို့ သွားရောက်ကြည့်ရှု အားပေးပြီး ရေတုံကင်များသည် ကျေးလက် ဒေသသုံးဖြစ်ပြီး စားဖိုဆောင်သီးနှံ စိုက်ခင်းများအတွက် မရှိမဖြစ် အသုံးပြုသည့် ပစ္စည်းဖြစ်၍ နိုင်ငံ့ စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင် ရေး တာဝန်ရှိသူများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးသည်။ ယင်းနောက် ဝဲဝန်းကျေးရွာရှိ ဦးသန်းနိုင်၏ အသားစားနွား၊ နို့စားနွားနှင့် ဒေသနွား မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘိုင်းဒါး ကျေးရွာသို့ ရောက်ရှိပြီး တောင်သူ ဦးဝင်းရွှေ၏ တစ်ကွင်းတစ်ဆက် တည်း အထွက်နှုန်းကောင်း မြေပဲ ဧက ၅၀ နှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေ မှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ကုန်စိမ်းပွဲရုံများသို့ သွားရောက်ပြီး ဒေသထွက်စားဖို ဆောင်သီးနှံများ ကြန့်ကြာမှုမရှိဘဲ ဈေးကွက်သို့ အချိန်မီရောက်ရှိစေ ရေး၊ သီးနှံပေါ်ရာသီတွင် စိုက်ပျိုး သီးနှံများ အလေအလွင့်မရှိစေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ပျဉ်းမလွန်ကျေးရွာ၌ လက်ဆွဲ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခဲ့ သည့် တစ်ကွင်းတစ်ဆက်တည်း နွေစပါးဧက ၅၀၀ စိုက်ပျိုး အောင်မြင် ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံ ပြည်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုး သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ရှင်းလင်းပြောကြားကာ သွင်းအားစုများ ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်းရှိသံဃာတော်များနှင့်သီလရှင်များအား တတိယအကြိမ် အသည်းရောင်အသားဝါ ဘီပိုး ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများတွင် သီတင်းသုံးလျက်ရှိသည့် သံဃာတော်များနှင့် သီလရှင်များအား ကျန်းမာစွာဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်သန်၍ တတိယအကြိမ် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးနှံခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) ၌ ကျင်းပသည်။**



အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေး၊ ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုး၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးနှင့် အထူးကုဆရာဝန်ကြီးများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)၌ သံဃာတော်များနှင့် သီလရှင်များအား တတိယအကြိမ် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံရာ နေပြည်တော်ပြည်သူ့ကျန်းမာရေး၊ ကုသရေးဦးစီးဌာနမှူးက သံဃာတော်များနှင့် သီလရှင်များအား အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆေးရုံအုပ်ကြီးက ဆေးရုံသမိုင်းနှင့် ဆေးရုံတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးအလှူရှင် ဦးမျိုးအောင်က ကာကွယ်ဆေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဆေးပဒေသာပင်အလှူငွေကျပ် ၁၀ သိန်းပေးအပ်**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)အတွက် ဆေးပဒေသာပင်အလှူငွေကျပ် ၁၀ သိန်းကိုပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ကာကွယ်ဆေးသုံးကြိမ်ပြည့် အခမဲ့ထိုးနှံပေး**

ယနေ့တွင် ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)ဆေးရုံ၊ တပ်ကုန်းမြို့နယ် မဟာဇနကပရိယတ္တိစာသင်တိုက်၊ ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမ အုန်းတောကျောင်းတိုက်၊ သံဃဘေသဇ္ဇဌာန ဝိဟာရသံဃာ့ဆေးရုံနှင့် လယ်ဝေးမြို့နယ် ခုတင်(၁၀၀) ဆေးရုံကြီးတို့တွင် တတိယအကြိမ်အဖြစ် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးသုံးကြိမ်ပြည့် အခမဲ့ထိုးနှံပေးခဲ့ကြောင်းနှင့် Ever Meter Co.,Ltd မှ နိုင်ငံအတွင်းရှိ သံဃာတော်များနှင့် သီလရှင်များအတွက် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများ ဆက်လက်ထိုးနှံနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မွေးမြူရေးအခြေခံ အသေးစား၊ အငယ်စားနှင့်အလတ်စား (MSME)လုပ်ငန်းများ တိုးပွားလာရေး ကူညီအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း(မန္တလေး) ၏ လုပ်ငန်း ဆောင်ရွက်ချက်များ၊ ဗက်တီးရီးယား ဌာနစိတ်၏ အစားအစာလုံခြုံရေး စစ်ဆေးသည့် 3M Petnfilm နည်းပညာအား ISO/IEC: 17025:2017 လက်မှတ်ရရှိရန် ဆောင်ရွက်နေမှုများ ၊ တိရစ္ဆာန်ကူးစက်ရောဂါများ၊ တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါများနှင့်မွေးမြူရေး ထွက်ကုန်အစားအစာများ ဘေးအန္တရာယ် ကင်းရှင်းစေရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အစားအစာဘေးကင်းစေရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန်နှင့် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းများ ကျွမ်းကျင်မှုရှိစေရေး စဉ်ဆက်မပြတ် လေ့လာအားထုတ်ကြရန် လိုအပ်ချက်များ၊ မွေးမြူရေးအခြေခံ အသေးစား၊ အငယ်စားနှင့်အလတ်စား (MSME) လုပ်ငန်းများ တိုးပွားလာရေး ကူညီအားပေးကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာရှိ ကောင်းထက်စံ နို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားမွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး နေ့စဉ် နို့ထွက်နှုန်းနှင့် ဈေးကွက်သို့ တင်ပို့ရောင်းချမှုအခြေအနေများကို မေးမြန်းဆွေးနွေး၍ အစားအစာဘေးကင်းလုံခြုံရေး၊ သဘာဝအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရေး၊ ဒေသတွင်း တိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ချက်များကို ပုဂ္ဂလိက မွေးမြူရေး လုပ်ငန်းရှင်များအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မွေးမြူရေးအသုံးချ သုတေသနနှင့်မျိုးထိန်းမျိုးပွား (သဖန်းခြံ) သို့ရောက်ရှိစစ်ဆေးပြီး မွေးမြူရေးတိရစ္ဆာန် မျိုးကောင်းမျိုးသန့်များပွားများ ဖြန့်ဖြူးခြင်းလုပ်ငန်းနှင့်အတူ အစာကျွေးမွေးမှုစနစ်၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နည်းပညာနှင့် အသိပညာပေး လုပ်ငန်းများကို တစ်ပါတည်း ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မျိုးထိန်းမျိုးပွား မွေးမြူထားသော ဘိုဝါဆိတ်ခြံ၊ ထိန်စမ်း ဆိတ်ခြံ၊ သိုးခြံများကိုလည်းကောင်း၊ တိရစ္ဆာန်အစာပင်များ စိုက်ပျိုးရေရှိရေးအတွက် မိုးရေစုကန် ပေါင်ဆင့်ခြင်းနှင့် ခြံစည်းရိုးကာခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “နေပြည်တော်အသိုင်းအဝိုင်း” Facebook Page ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်နေ ပိုင်သီဟစိုး(ခ)ပိုင်စိုးအား ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Kyaw Myothu(kmt)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကံသာရပ်ကွက်နေ ကျော်မျိုးသူအား ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၀၀၀ ကျပ်တန် ငွေစက္ကူနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများတွင် ကောလာဟလသတင်းများ ထုတ်လွှင့်နေမှု၊ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ကလေးမြို့ တက္ကသိုလ်အား ဝင်ရောက်၍ ဆရာ၊ ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အကြမ်းဖက်ဖမ်းဆီးခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ဒီနေ့မှာတော့ ယခင်တစ်ပတ်ထဲကအတိုင်း လူမှုကွန်ရက်စာမျက်နှာတွေ၊ အင်တာနက်ဝက်ဘ်ဆိုက်တွေပေါ်မှာ ငွေကျပ် ၂၀၀၀၀ တန် ငွေစက္ကူတွေ ထွက်ရှိမယ်ဆိုပြီးတော့ မဟုတ်မမှန်သတင်းတုသတင်းအမှားတွေ ဆက်တိုက်ထုတ်လွှင့်နေခဲ့တာ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး ယခင်ကလည်း မိဘပြည်သူများသိအောင် ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ဒီ ၂၀၀၀၀ တန် ငွေစက္ကူကို ၂၀၂၃ ခုနှစ် ဇူလိုင်လထဲမှာအထိမ်းအမှတ်နဲ့ ထုတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်းကလည်း ကျွန်တော့်အနေနဲ့ အထိမ်းအမှတ်နဲ့ထုတ်တဲ့ ငွေစက္ကူသာဖြစ်တယ်။ အများပြည်သူတွေ အထိမ်းအမှတ်နဲ့ သိမ်းဆည်းနိုင်အောင်လို့ ဟောင်းနွမ်းငွေစက္ကူတွေနဲ့ပဲ အကန့်အသတ်နဲ့ လဲလှယ်ပေးမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ထုတ်ပြန်ပြီးဖြစ်ပါတယ်။ သို့သော် ဒီအချိန်မှာ ကျွန်တော်မနေ့က ပြောခဲ့တဲ့အတိုင်း ကောလာဟလသတင်းတွေ များပြားနေတဲ့အချိန်မှာ အချိန်ကိုက် ဒါကို ငွေရေးကြေးရေးဈေးကွက် မတည်မငြိမ်ဖြစ်အောင် ဘဏ်တွေနဲ့ကိစ္စတွေ မတည်မငြိမ်ဖြစ်အောင် ရည်ရွယ်ပြီး ထုတ်လွှင့်တာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီသတင်းသည် မဟုတ်မမှန်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလည်း သတင်းထုတ်ပြန်ချက် ထပ်မံထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံခြားသုံးငွေနဲ့ ပတ်သက်ပြီးလည်း နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲရေးစည်းမျဉ်းများရှိပြီး ဖြစ်ပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ဆောင်ရွက်မှာဖြစ်ပါတယ်။ ငွေရေးကြေးရေး ဈေးကွက်ကစားလိုမှု ကျွန်တော် ယခင်ပြောခဲ့သလို ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ မတည်မငြိမ်ဖြစ်အောင် ကောလာဟလထုတ်လွှင့်နေမှုများကို သတိထားသင့်ကြောင်း အသိပေးတင်ပြလိုပါတယ်။

နောက်တစ်ခုက ဒီနေ့မနက် ၇ နာရီခွဲလောက်မှာ PDF အမည်ခံ အကြမ်းဖက်အင်အား ၁၀၀ ကျော်လောက်က ကလေးတက္ကသိုလ်ထဲကို ဝင်ရောက်ပြီး စာသင်ဆောင်တွေမှာရှိတဲ့ ဆရာ၊ ဆရာမတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ၊ ရုံးဝန်ထမ်းတွေ ဖမ်းဆီးထားတယ်ဆိုပြီး တာဝန်သိပြည်သူတွေ အသိပေးလာတဲ့အတွက် တပ်မတော်နှင့်လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်ကယ်ဆယ်ခဲ့ရပါတယ်။ ဒီအကြမ်းဖက်သမားတွေနဲ့ ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားပြီး တက္ကသိုလ်ရဲ့ အရှေ့ဘက်ကို အကြမ်းဖက်သမားတွေ ပြန်လည်ဆုတ်ခွာသွားပါတယ်။ ဒီဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ၊ ရုံးဝန်ထမ်း စုစုပေါင်း ၂၈၅ ဦးကို အချိန်မီပြန်လည်ကယ်ဆယ်နိုင်ခဲ့ပါတယ်။ ကျန်တဲ့သူတွေကိုလည်း ကျွန်တော်တို့အနေနဲ့ လိုက်လံစုံစမ်းဆဲဖြစ်ပါတယ်။ ဒါသူတို့ရဲ့ ဖမ်းဆီးခေါ်ဆောင်သွားရင်လည်း လွတ်မြောက်နိုင်အောင် ကျွန်တော်တို့ အစွမ်းကုန်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း လှိုင်ကော်တက္ကသိုလ်မှာလည်း ဒီလိုဖြစ်စဉ်မျိုး ဖြစ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီ NUG၊ CRPH ဦးဆောင်နေတဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ ဒီအဖွဲ့တွေသည် စစ်ရေးနဲ့မဆိုင်တဲ့ အရပ်သားတွေကို ခြိမ်းခြောက်တာတွေ၊ နိုင်ငံတော်ရဲ့အနာဂတ်ဖြစ်တဲ့ ပညာရေးနဲ့ပတ်သက်ပြီး အဓိကအနှောင့်အယှက်ပေးတာတွေ၊ ခြိမ်းခြောက်တာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကကတော့ ဒါတွေနဲ့ပတ်သက်ပြီး ဒီလိုဖြစ်စဉ်မျိုးဖြစ်ပွားတိုင်းမှာလည်း ယခင်က ကျွန်တော်တို့ အရပ်သားတွေကို တိုက်ခိုက်နေပါတယ်ဆိုတဲ့ စွပ်စွဲချက်မျိုးတွေ၊ အရပ်သားအယောင်ဆောင်ပြီး အရပ်ဝတ်ပြီးလှုပ်ရှားနေတဲ့ သောင်းကျန်းသူတွေကို ချေမှုန်းလျှင် အရပ်သားပြည်သူတွေပါဆိုတဲ့ လုပ်နေကျပြည်ဖျက်မီဒီယာများ မြန်မာနိုင်ငံပေါ်မှာ အစဉ်တစိုက်အမြဲတမ်းတိုက်ခိုက်လာတဲ့ နိုင်ငံများအနေနဲ့ ရေငုံနှုတ်ပိတ်နေတာမဆန်းပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီးလည်း ရေငုံနှုတ်ပိတ်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့ သူတို့ရဲ့ ရည်ရွယ်ချက် မြန်မာပြည်ကို ပျက်စီးသထက် ပျက်စီးအောင်လုပ်လိုတဲ့ ရည်ရွယ်ချက်တွေကို သိရမှာဖြစ်ပါတယ်။ တိုင်းပြည်အနာဂတ်၊ ကလေးသူငယ်တွေရဲ့ အနာဂတ်ပညာတတ်များမရှိဘဲ နလပိန်းတုံးဖြစ်အောင်လုပ်နေတဲ့ ရည်ရွယ်ချက်တွေကို ကျွန်တော်တို့သိရှိပြီး ပြည်သူလူထုတစ်ရပ်လုံး အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းဆန့်ကျင်ကန့်ကွက်ရမှာ ဖြစ်ပါတယ်။ လာရောက်တိုက်ခိုက်တဲ့လူတွေရဲ့၊ PDF တွေရဲ့ အလောင်းလက်နက်အချို့ ရရှိခဲ့ပါတယ်။ ဒီထဲမှာ အချို့ယူနီဖောင်းတွေမှာဆိုလို့ရှိရင် CNA တံဆိပ် CHIN NATIONAL ARMY ဆိုတဲ့ တံဆိပ်မျိုးတွေလည်း ပါရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့ အကြမ်းဖက်သမားများရဲ့ လုပ်ရပ်များကို ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆန့်ကျင်ကြပါလို့ ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

- ❖ **ငွေရေးကြေးရေး ဈေးကွက်ကစားလိုမှု ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ မတည်မငြိမ်ဖြစ်အောင် ကောလာဟလထုတ်လွှင့်နေမှုများကို သတိထားသင့်ကြောင်း အသိပေးတင်ပြလို**
- ❖ **ဒီ NUG၊ CRPH ဦးဆောင်နေတဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေအနေနဲ့ စစ်ရေးနဲ့မဆိုင်တဲ့ အရပ်သားတွေကို ခြိမ်းခြောက်တာတွေ၊ နိုင်ငံတော်ရဲ့အနာဂတ်ဖြစ်တဲ့ ပညာရေးနဲ့ပတ်သက်ပြီး အဓိက အနှောင့်အယှက်ပေးတာတွေ၊ ခြိမ်းခြောက်တာတွေကို ဆောင်ရွက်လျက်ရှိ**

## မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

**နိုင်ငံတစ်ဝန်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိသဘောပေါက် နားလည်စေရန်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန်အတွက် ဟောပြောပွဲများ ကျင်းပနေမှုကို စုစည်းဖော်ပြအပ်ပါသည်-**

**ကွန်ဟိန်း**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပသည်။ ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက သတင်းတု၊ သတင်းမှားများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ၊ အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းအချက်အလက်များကို ကောင်းစွာသိရှိပြီး သတင်းအမှန်များ သိရှိစေရန် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းစကားလက်ကမ်းစာစောင်များကို ဖေဖော်ဝါရီ ၂၆ ရက်က ပျဉ်းမနားမြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ဖြန့်ဝေစဉ်။

မျိုးသီဟ(ပြန်/ဆက်)





ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ ပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ သိရှိသဘောပေါက် နားလည်စေရန်အတွက် သတင်းစကား လက်ကမ်းစာစောင်များကို ဖေဖော်ဝါရီ ၂၅ ရက်က ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့က လိုက်လံဖြန့်ဝေပေးစဉ်။

ပင်းတယ(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

တောင်ဘက်မှ ဝင်ရောက်၍ ရူပဗေဒနှင့် သတ္တဗေဒ စာသင်ဆောင်တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရုံးဝန်ထမ်းများကို ဖမ်းဆီးထားရှိကြောင်း တာဝန်သိ ဝန်ထမ်းများ၏ သတင်းပေးပို့မှုအရ သိရှိရသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီ သွားရောက်ကယ်ဆယ်ခဲ့ရာ PDF အကြမ်းဖက်သမားများနှင့် အပြန်အလှန်ထိတွေ့မှုဖြစ်ပွားခဲ့ပြီး တက္ကသိုလ်၏ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာသွားရာ ကလေးတက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များမှ ဖမ်းဆီးခံထားရသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရုံးဝန်ထမ်း စုစုပေါင်း ၂၈၅ ဦးအား တပ်မတော်စစ်ကြောင်းက အချိန်မီ ပြန်လည်ကယ်ဆယ်နိုင်ခဲ့သော်လည်း အကြမ်းဖက်သမားများအနေဖြင့် အချို့သော ဝန်ထမ်း၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ (စိစစ်ဆဲ) တို့အား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။





စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကလေးတက္ကသိုလ်အား လာရောက်တိုက်ခိုက်သည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အလောင်းများနှင့် လက်နက်များကို တွေ့ရစဉ်။




စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကလေးတက္ကသိုလ်အား လာရောက်တိုက်ခိုက်သည့် PDF အမည်ခံအကြမ်းဖက်သမားထံမှ ရရှိသည့် ဆက်စပ်ပစ္စည်းများ။

ဖြစ်စဉ်တွင် မိမိဘက်မှ ထိခိုက်မှုမရှိဘဲ PDFအမည်ခံ အကြမ်းဖက်သမားများထံမှ အလောင်းအချို့၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရမိခဲ့သည်။ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များ မဟုတ်ဘဲ ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိသားစုဝင်များနှင့် ရုံးဝန်ထမ်းကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ရည်ရွယ်ချက်အတွက် အသုံးပြုထားခြင်း မရှိသော စစ်ဘက်ပစ်မှတ် မဟုတ်သည့် စာသင်ကျောင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် အကာအကွယ်ယူ တိုက်ခိုက်ခြင်းသည် ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ရာရောက်ပြီး အဆိုပါရာဇဝတ်မှုများအတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် အင်အား(စိစစ်ဆဲ) ဆရာ ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် အမြန်ဆုံး ပြန်လည်ကယ်တင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## MPT စေတနာသွေးလှူရှင်များ (၁၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

MPT ၏ စေတနာသွေးလှူရှင်များ (၁၃)ကြိမ်မြောက် သွေးလှူဒါန်းမှုကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မြန်မာ့ဆက်သွယ်ရေး သင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် MPTJO ၏ လုပ်ငန်းလည်ပတ်မှုဌာနကြီးမှ ဒါရိုက်တာဖြစ်သူ ဦးဌေးလှက သွေးလှူရှင်များကို အားပေးစကားပြောကြားပြီး သွေးလှူရှင်တစ်ဦးက သွေးလှူဒါန်းမှုကြောင့် ရင်တွင်းပီတိ စကားသံများကို ပြောကြားသည်။

ထို့နောက် MPT မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် စေတနာသွေးလှူရှင်တို့ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြပြီး အဆိုပါ သင်တန်းကျောင်းနှစ်ထပ်ဆောင် သင်တန်းခန်းမ၌ သွေးလှူရှင် ၂၀၀ ခန့်က စုပေါင်းသွေးလှူဒါန်းကာ သွေးအမျိုးအစားစုံလင်သော သွေးရည်ကြည်အိတ်များကို ရန်ကုန်မြို့ အမျိုးသားသွေးဌာနသို့ MPT မှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းသည်။

အဆိုပါ သွေးလှူဒါန်းမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့ရှိ MPT မှ ဝန်ထမ်းများနှင့် သွေးလှူရှင်ပေါင်း ၄၀၀ ကျော်က စုပေါင်းသွေးလှူဒါန်းကြပြီး MPT အနေဖြင့် နှစ်စဉ် လေးလတစ်ကြိမ် စုပေါင်းသွေးလှူဒါန်းလျက်ရှိရာ ယခု လှူဒါန်းမှုသည် (၁၃)ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**အောင်သန်းဦး**



တပ်ကုန်းမြို့နယ် သဖန်းချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဝင်းထွဋ်အောင်နှင့် အဖွဲ့ဝင်များက ပြည်သူများအား ရှင်းလင်းဟောပြောစဉ်။ တင်စိုးလွင်

## Games of the Future 2024 ပြိုင်ပွဲ၌ ရုရှားကိုယ်စားပြု Deus Vult ကို မြန်မာအသင်း Burmese Ghouls ရှုံးနိမ့်

**ကာဇန် ဖေဖော်ဝါရီ ၂၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့၌ Games of the Future 2024 နိုင်ငံတကာဂိမ်းပေါင်းစုံပြိုင်ပွဲ၏ မိုဘိုင်းလက်ဂျန့်စ် ဘန်းဘန်း (Mobile Legends Bang Bang – MLBB) ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြု Burmese Ghouls ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

မြန်မာအသင်း Burmese Ghouls မှာ အုပ်စု (က) ၌ ရုရှားမှ Deus Vult အသင်း၊ အင်ဒိုနီးရှားမှ RRQ Hoshi အသင်း၊ မွန်ဂိုလီးယားမှ Team Lilgun အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ Burmese Ghouls အသင်းသည် မိုဘိုင်းလက်ဂျန့်စ်ပြိုင်ပွဲ အုပ်စုအဆင့် အဖွင့်ပွဲစဉ်တွင် ရုရှားမှ Deus Vult အသင်းနှင့် ဖေဖော်ဝါရီ ၂၆ ရက် ညပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကိုယ်စားပြု Burmese Ghouls အသင်းသည် ဖေဖော်ဝါရီ ၂၇ ရက်တွင် မွန်ဂိုလီးယားကိုယ်စားပြု Team Lilgun အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။



**အောင်ဇော်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဘင်္ဂလားပင်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ဇနီးက ခင်ပွန်းအား ဓာတ်ဆီလောင်းမီးရှို့သဖြင့် သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ဖေဖော်ဝါရီ ၂၄ ရက်က ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူအား ဓာတ်ဆီလောင်းမီးရှို့ခဲ့သဖြင့် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းကလေးကျေးရွာနေ သဇင်သိန်း (၃၄)နှစ်သည် ၎င်း၏ခင်ပွန်းဖြစ်သူ အောင်ထိုက်ဇော် (၃၂)နှစ်အား မယားငယ်ထားသည့်ကိစ္စဖြင့် မကျေနပ်၍ အရက်မူးပြီး အိပ်ပျော်နေစဉ် လက်နှစ်ဖက်ကို ကြိုးဖြင့်တုပ်ကာ ဓာတ်ဆီလောင်းပြီး မီးရှို့ခဲ့သဖြင့် အောင်ထိုက်ဇော်မှာ နေအိမ်နှင့်အတူ မီးလောင်သေဆုံးသွားခဲ့သောကြောင့် သဇင်သိန်းအား မော်လမြိုင်ကျွန်းမြို့မရဲစခန်း အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

○ *ကျောဖုံးမှ*

အဆိုပါပွဲစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက် ညပိုင်းက လန်ဒန်မြို့ရှိ ဝင်ဘလေ အားကစားကွင်း၌ ယှဉ်ပြိုင်ပြီး ပရိသတ် ၈၈၈၆၈ ဦးအထိ လာရောက်ကြည့်ရှုခဲ့သည်။ လီဗာပူးအသင်းသည် အသင်းမှ အားထားရသည့် ဆာလာ၊ နူနက်ဇ်၊ ဘက္ကာ၊ ဂျုန်းစ်၊ ဂျိုတာ၊ အာနိုးတို့ ဒဏ်ရာကြောင့် ပါဝင်လာနိုင်ခြင်း မရှိသော်လည်း ချယ်ဆီးအသင်းကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့ပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်ကာ ကာရာဘောင်ဖလားကို (၁၀)ကြိမ်မြောက် ဆွတ်ခူးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ချယ်ဆီးအသင်းသည် လီဗာပူးအသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အခွင့်အရေးအချို့ ဖန်တီးနိုင်ခဲ့သော်လည်း အသင်းကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုရှိသည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ဗိုလ်လုပွဲစဉ်ဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ချယ်ဆီးနှင့် လီဗာပူးအသင်းတို့သည် ၂၀၂၂ ခုနှစ်တွင် ကာရာဘောင်ဖလား ဗိုလ်လုပွဲနှင့် အက်ဖ်အေဖလား ဗိုလ်လုပွဲတို့၌ အနီးကပ်ဆုံး ထိပ်တိုက်တွေ့ဆုံထားပြီး လီဗာပူးအသင်းက နှစ်ကြိမ်စလုံး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးထားသည်။ ယခုအကြိမ် ဗိုလ်လုပွဲတွင်လည်း ချယ်ဆီးအသင်းသည် အဆိုပါ ရှုံးနိမ့်မှုကို ချေဖျက်နိုင်ခြင်း မရှိဘဲ ဗန်ဒိုက်၏ သွင်းဂိုးကြောင့် ရှုံးပွဲကြုံတွေ့ကာ ဖလားနှင့် ဆက်လက်ဝေးကွာခဲ့ရခြင်း ဖြစ်သည်။

**အောင်ဇော်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ပုလဲကျွန်းရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများစစ်ဆေး လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားမှုအခြေအနေများ လှည့်လည်ကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ ပုလဲမွေးမြူထုတ်လုပ်ရေး ကျွန်းစခန်းအတွင်း မုတ်ကောင်များသားဖောက်မွေးမြူနေမှုနှင့် မုတ်ကောင်များအတွင်း ဝတ်ဆံထည့်သွင်းနေမှု လုပ်ငန်းအဆင့်ဆင့်၊ ဝတ်ဆံသွင်းမုတ်ကောင်များ ထိန်းသိမ်းထားမှု၊ မုတ်ကောင်များအတွင်းမှ ပုလဲထုတ်ယူမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးဌာန၏ နှစ်အလိုက် လျာထားချက်များ ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်အတွင်း တည်ရှိသော လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားမှု အခြေအနေများနှင့် အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်းရှိ ဘိချောင်းကမ်းဘေးတစ်လျှောက် သဲသောင်ခုံတော၊ အပူပိုင်းအမြဲစိမ်းမိုးသစ်တောနှင့် ဒီရေတောစသည့် မတူညီသော တောအမျိုးအစား သုံးမျိုး တစ်နေရာတည်းတွင် ပေါက်ရောက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အလားအလာရှိသော နေရာများတွင် အဏ္ဏဝါအမျိုးသားဥယျာဉ်များ ထပ်မံတည်ထောင်သွားရန်၊ မတူညီသောဂေဟစနစ်အမျိုးမျိုးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးပျောက်ကွယ်မှုမရှိအောင် ကာကွယ်စောင့်ရှောက်ရန်နှင့် တည်ရှိနေသော တောတောင်သဘာဝအလှအပများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့နယ် လန်ပိကျွန်းရှိ မကြံ့ဂလက်ဆလုံတိုင်းရင်းသားကျေးရွာသို့ သွားရောက်၍ ဒေသခံဆလုံတိုင်းရင်းသားများနှင့် တွေ့ဆုံပြီး လန်ပိကျွန်းနှင့် ပတ်ဝန်းကျင်ဒေသသည် ဒေသခံ ဆလုံတိုင်းရင်းသားများ၏ လူနေမှုနှင့် ယဉ်ကျေးမှုဓလေ့များ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများ၊ သဘာဝတောတောင်များဖြင့် သာယာလှပသော နေရာတစ်ခုဖြစ်၍ သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် အရေးပါသောနေရာတစ်ခုဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် မိမိတို့၏ ပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင်များ၏တန်ဖိုးကို သိရှိနားလည်ပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကူညီထိန်းသိမ်းပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကြံ့ဂလက်ကျေးရွာနှင့် ကိုဖော့ကျေးရွာရှိ ဆလုံတိုင်းရင်းသားအိမ်ထောင်စုများနှင့် ကျောင်းသားကျောင်းသူများအတွက် ဆန်၊ ဆီနှင့် စာသင်ကြားမှုအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့နယ် ရွှေကျွန်းရှိ ဘဲပါးလ်မြန်မာကုမ္ပဏီသို့ သွားရောက်၍ မုတ်ကောင်သားဖောက်မွေးမြူမှုနှင့် ဝတ်ဆံသွင်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့နယ် စိန့်လုခ်ကျွန်းရှိ အန်ဒါမန်ပါးလ်ကုမ္ပဏီသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားကာ ပင်လယ်ပြင်တွင် လောင်းလိုင်းများဖြင့် မုတ်ကောင်များ မွေးမြူထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံမြို့၌ အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ ကျင်းပရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးက သင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ကရင်ပြည်နယ်အတွင်း လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်းကို ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာငွေဖြင့် ၂၀၂၃ ခုနှစ်တွင် သင်တန်းသား ၆၀ မွေးထုတ်ပေးခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ အဆင့်မြင့်လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းကို သင်တန်းသား ၃၀ ဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ပါကြောင်း၊ အုတ်စီလုပ်သားနှင့် လက်သမားအလုပ်အကိုင်၊ လျှပ်စစ်အလုပ်အကိုင်ကျွမ်းကျင်မှုအဆင့် ၁ တို့အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများ တည်ထောင်ကာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ ဖြေဆိုသူ ၁၆၁ ဦးအနက် အရည်အသွေးပြည့်မီသူ ၁၅၀ ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု အနည်းငယ်ဖြင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည့် ဆိုင်ကယ်ပြုပြင်ခြင်း၊ မြက်ရိတ်စက် ပြုပြင်ခြင်းနှင့် ရေစုပ်စက်ပြုပြင်ခြင်း လုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများ အသိအမှတ်ပြုပေးနိုင်ရေး ပြည်နယ်အစိုးရထံ တင်ပြဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် လုပ်သားဈေးကွက်နှင့် ကိုက်ညီသည့် သင်တန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၊ ကျွမ်းကျင်ပညာရှင်များ၊ MSME လုပ်ငန်းရှင်များ ပူးပေါင်း၍ စိတ်ပါဝင်စားသည့် လူငယ်လူရွယ်များအတွက် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်နယ်အတွင်းရှိ အလုပ်သမားရေးရာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြည်နယ်အတွင်း ပြည်ပကို ထွက်ခွာမည့် ရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်၍ MoU စနစ်ဖြင့် စနစ်တကျတရားဝင် လမ်းကြောင်းမှတစ်ဆင့် ဥပဒေနှင့်အညီ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်ရန်နှင့် ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးနိုင်ရေး ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်ရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် အလေးထားပူးပေါင်း ကူညီဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဦးစီးအရာရှိ စွမ်းဆောင်ရည် မြင့်မားရေးမွမ်းမံသင်တန်းအမှတ်စဉ် (၁၂) ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဦးစီးအရာရှိစွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ ရေဆင်း၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက ယနေ့ ဖွင့်လှစ်သည့် မွမ်းမံသင်တန်းကို ဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာန၏ တာဝန်ဝတ္တရားများကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကာ ဦးစီးတာဝန်ယူ ဆောင်ရွက်တတ်စေရန်၊ သစ်တောလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိသည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်ရည်ရွယ်ပြီး ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအားလုံး မိမိတို့၏ ဌာနအကျိုး၊ နိုင်ငံအကျိုးကို စွမ်းဆောင်ရည် မြင့်မားစွာဖြင့် ကောင်းစွာ သယ်ပိုးနိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ကြိုးစားလေ့ကျင့်သင်ယူသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အာဖဂန် ပညာရေးဝန်ကြီးဌာနက လည်ပတ်ခြင်းမရှိသည့် ကျောင်းပေါင်း ၇၀၀ ကို ဖျက်သိမ်း


ကဘူးလ်မြို့ရှိ စာသင်ကျောင်း တစ်ကျောင်းမှ ကျောင်းသူများကို တွေ့ရစဉ်။

**ကဘူးလ် ဖေဖော်ဝါရီ ၂၆**
အာဖဂန်နစ္စတန် ပညာရေးဝန်ကြီးဌာနသည် တိုင်းပြည်အတွင်း တစ္ဆေကျောင်းဟု တင်စားရမည့် အမှန်တကယ်မရှိဘဲ စာရင်းတွင်သာရှိသည့် ကျောင်းပေါင်း ၇၀၀ကို ဖျက်သိမ်းလိုက်ကြောင်း ပညာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မန်ဆော် အာမက်ဟမ်ဇာက ပြောသည်။

လွန်ခဲ့သည့် နှစ်နှစ် တာလီဘန်တို့ အာဏာရလာသည့်အချိန်မှ စတင်က တိုင်းပြည်အတွင်း လည်ပတ်နိုင်ခြင်းမရှိသည့် ကျောင်းပေါင်း ၇၀၀ ကို တရားဝင်စာရင်းမှ ပယ်ဖျက်ခဲ့သည်ဟု ပြည်တွင်းရုပ်သံ တိုလိုနယူးတွင် ဖေဖော်ဝါရီ ၂၆ ရက်က ဖော်ပြထားသည်။

ယခင် အမေရိကန်ကျောထောက်နောက်ခံ ပြုထားသည့် အာဖဂန်အစိုးရလက်ထက်က နိုင်ငံခြားအလှူရှင်များလက်ထဲမှ တရားမဝင် အလှူငွေများရရှိရေးအတွက် အပြင်တွင် အမှန်တကယ်မရှိဘဲ စာရင်းတွင်သာရှိသော ကျောင်းများ၊ ဆရာများ၊ ကျောင်းသားများ၊ ရဲတပ်ဖွဲ့ဝင်များ ရှိခဲ့ဖူးကြောင်း မီဒီယာတွင် ဖော်ပြထားသည်။

ပညာရေး ဝန်ကြီးဌာန၏ အချက်အလက်ပေါ် မူတည်၍ အာဖဂန်နစ္စတန်တွင် အမှန်တကယ် လည်ပတ်နေသည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများရှိ ဆရာဦးရေမှာ ၂၆၀၀၀၀ ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

## သီရိလင်္ကာသို့ ယခုနှစ်တွင် ခရီးသွား နှစ်သန်းခွဲကျော် ဝင်ရောက်နိုင်

**ကိုလံဘို ဖေဖော်ဝါရီ ၂၆**
သီရိလင်္ကာနိုင်ငံသို့ ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် နှစ်သန်းခွဲကျော် ဝင်ရောက်နိုင်ကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး အလီဆာဘရီက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

၂၀၂၄ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများအတွင်း ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတွင်းသို့ ခရီးသွား တစ်သိန်းကျော်သာ ရောက်ရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ခရီးသွား ၂၀၀၀၀၀ အထိ တိုးလာခဲ့ကြောင်း အလီဆာဘရီက ပြောကြားသည်။

ဆိုက်ရောက်မှုနှုန်းသည် ဖေဖော်ဝါရီလတွင် သိသိသာသာပိုများလာခဲ့ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ခရီးသွား ၁၀၇၆၃၉ ဦးသာ ဝင်ရောက်ခဲ့သော်လည်း ၂၀၂၄ ခုနှစ်အတွင်း ဖေဖော်ဝါရီ ၁ ရက်မှ ယခုအချိန်အထိ ကမ္ဘာလှည့်ခရီးသည် ၁၃၈၇၃၆ ဦး လာရောက်ခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ထို့ကြောင့် သီရိလင်္ကာစီးပွားရေးအကျပ်အတည်းသည် တည်ငြိမ်နေပြီး ပြန်လည်ကောင်းမွန်လာမည့် လက္ခဏာများ ပြသနေကြောင်း အလီက ပြောကြားသည်။ **ဆင်ဟွာ**

## အီဂျစ်နိုင်ငံ နိုင်းမြစ်၌ ကူးတို့လှေတိမ်းမှောက်ရာ သုံးဦးသေဆုံး

**ကိုင်ရို ဖေဖော်ဝါရီ ၂၆**
အီဂျစ်နိုင်ငံမြို့တော် ကိုင်ရိုအနီး ဖေဖော်ဝါရီ ၂၅ရက် နံနက်ပိုင်းက ကူးတို့ လှေတိမ်းမှောက်မှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး အခြားလေးဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ပျောက်ဆုံးသူများကိုလည်း ရှာဖွေမှုများ လုပ်ဆောင်နေကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

နစ်ခ်လာ့ကျေးရွာအနီး လှေမတိမ်းမှောက်မီ လှေပေါ်တွင် အလုပ်သမား ၁၀ ဦးထက်မနည်း တင်ဆောင်ခဲ့ကြောင်း အီဂျစ်နိုင်ငံပိုင် အာရမ်အွန်လိုင်းသတင်းဌာနက ထုတ်ပြန်ထားသည်။

ဆေးရုံတက်ရောက်နေသည့်အလုပ်သမားလေးဦးအနက် သုံးဦးမှာ အသက်ရှူကျပ်ခြင်းခံစားနေရပြီး တစ်ဦးမှာ ဆေးကုသမှုခံယူပြီးနောက် ဆေးရုံမှဆင်းသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**



## ဂျပန်နိုင်ငံ နိုတိုကျွန်းဆွယ် ငလျင်ဘေးကယ်ဆယ်ရေးစခန်းများတွင် လူ ၁၀၀၀၀ ကျော် ကျန်ရှိနေ

**တိုကျို ဖေဖော်ဝါရီ ၂၆**
ဂျပန်နိုင်ငံအလယ်ပိုင်း နိုတိုကျွန်းဆွယ်တွင် ၂၀၂၄ နှစ်သစ်ကူးနေ့က ငလျင်လှုပ်ခတ်ပြီးနောက် ရှစ်ပတ်အကြာအထိ ကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံနေရသူ ၁၀၀၀၀ ကျော် ကျန်ရှိနေဆဲဖြစ်သည်။


အီရှိကါဝါစီရင်စုရှိ ကယ်ဆယ်ရေးစခန်းကို တွေ့ရစဉ်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၂ ရက်ကအထိ အီရှိကါဝါ စီရင်စု၌ ငလျင်ကြောင့် ပျက်စီးသွားသော အိမ်ခြေ ၇၅၆၆၁ လုံးအထိ တိုးလာခဲ့သည်။ ငလျင်ဒဏ်သင့်ဒေသ၌ အပျက်အစီးများကို ဖယ်ရှားရန်၊ ရေပြန်လည်ရရှိရေးနှင့်ယာယီအိမ်ရာများ တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အဓိကအားဖြင့် နိုတိုဒေသရှိ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းပေါင်း ၂၁၈၀၀ ခန့် ရေရရှိခြင်း မရှိသေးပေ။ ငလျင်ကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရသူများအတွက် အထောက်အပံ့များ မည်သို့ ဆက်လက်ပံ့ပိုးပေးရမည်ဆိုသည့် အချက်မှာလည်း အဓိကစိန်ခေါ်မှု အဖြစ်ရှိနေသေးသည်။

အီရှိကါဝါ စီရင်စုတွင် ဘေးလွတ်ရာခိုလှုံနေသူများသည် အခြားနေရာများရှိ စားသောက်ဆိုင်များနှင့် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုအပေါ် မှီခိုနေရသည်။ သို့သော် လာမည့်လအတွက် ကယ်ဆယ်ရေးစခန်း၌ အကူအညီကမ်းလှမ်းမှုများ နည်းပါးလာမှုကြောင့် ငလျင်ဒဏ်သင့် ပြည်သူများသည် ပိုမိုကြီးမားသော ဝန်ထုပ်ဝန်ပိုးများကို မိမိတို့ဘာသာ ထမ်းရွက်ကြရတော့မည်ဖြစ်သည်။ ဝါဂျီမာမြို့၌ ကယ်ဆယ်ရေးလုပ်ငန်း ကြီးကြပ်သည့် အရာရှိအရေးအတွက် လျော့နည်းလာခြင်းကြောင့် လာမည့်သောကြာနေ့မှစ၍ အရေးအတွက်အကန့်အသတ်ဖြင့်သာ ထောက်ပံ့ကူညီမှုများ ပေးအပ်နိုင်တော့မည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## လာအိုနိုင်ငံ၌ အိတ်ချ်အိုင်ဗွီ ကူးစက်မှု များလာ

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၂၆**
လာအိုနိုင်ငံ၌ အိတ်ချ်အိုင်ဗွီ ကူးစက်ခံရသူဦးရေ တဖြည်းဖြည်းချင်း ပြန်လည်များပြားလာသည်။ ယင်းသို့ များပြားလာခြင်းမှာ နိုင်ငံခြားတိုင်းပြည်များမှ ဘဏ္ဍာရေးထောက်ပံ့မှု ပြတ်လပ်ခြင်းကြောင့်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်ကြောင်း လာအိုပြည်သူ့လုံခြုံရေး ရုပ်သံက ဖေဖော်ဝါရီ ၂၆ရက်တွင် ဖော်ပြခဲ့သည်။

နိုင်ငံခြားမှ ရန်ပုံငွေထောက်ပံ့မှုများ ပြတ်လပ်ခြင်းကြောင့်လည်း ရောဂါကူးစက်ခံရသူ များပြားလာခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီး ဘောင်ဖင်ဖူမလေဆစ်က အေအိုင်ဒီအက်စ်ရောဂါနှိမ်နင်းရေး အမျိုးသားအဆင့် အစည်းအဝေးပွဲတွင် ပြောသည်။ ရန်ပုံငွေပြတ်လပ်ခြင်းကြောင့် လာအိုနိုင်ငံတွင် အိတ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ်နှင့် ပတ်သက်၍ အစီအစဉ်များ လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဖေဖော်ဝါရီ ၁၉ ရက် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ပြုလုပ်သည့် အစည်းအဝေး၌ ၂၀၂၃ ခုနှစ်တွင် အိတ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ် ကူးစက်ခံရသူ ၂၀၆၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် စင်တာ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ လက်ရှိ အိတ်ချ်အိုင်ဗွီ ကူးစက်ခံရသူ ၂၀၆၈၈ ဦးရှိပြီး အေအိုင်ဒီအက်စ်အဆင့်သို့ ရောက်ရှိသူ ၇၀၅၉ဦးရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

## ပါကစ္စတန်၌ ကလေးပေါင်း ၄၅ ဒသမ ၈ သန်းကျော်ကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနိုင်တော့မည်

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၆**
ပါကစ္စတန်၌ ဖေဖော်ဝါရီ ၂၆ ရက်မှစတင်ကာ တစ်ပတ်ကြာနိုင်ငံတစ်ဝန်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမည့် အစီအစဉ်စတင်မည်ဖြစ်ရာ အသက်ငါးနှစ်အောက် ကလေး ၄၅ ဒသမ ၈ သန်းကျော်မှာ ကာကွယ်ဆေးရရှိတော့မည်ဖြစ်ကြောင်း ပါကစ္စတန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃ ရက်အထိ ဒုတိယအကြိမ်မြောက် အစုလိုက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမည့် အစီအစဉ်စတင်မည်ဖြစ်ပြီး မတ် ၂ ရက်မှ ၆ရက်အထိ နိုင်ငံ


ကရာချိမြို့တွင် ဇန်နဝါရီ ၈ ရက်က ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးစဉ်။

အနောက်မြောက်ပိုင်း ခိုင်ဘာပတ်ထွန်ခဝါပြည်နယ်၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမည်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောသည်။ ကာကွယ်ဆေးတိုက်ကျွေးသည့် အစီအစဉ်တွင် ကလေးများကို ကိုယ်ခံအားကောင်းမွန်စေရန် ဗိုက်တာမင်အေဖြည့်စွက်စာလည်းပေးသွားမည်ဖြစ်သည်။

ဇန်နဝါရီလအတွင်း ခရိုင် ၁၉ ခုတွင် မိလ္လာနမူနာများ၌ ပိုလီယိုဗိုင်းရပ်စ်ကို တွေ့ရှိပြီးနောက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသည့် လှုပ်ရှားမှုဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၂၀၂၄ ခုနှစ် ပထမအကြိမ် လှုပ်ရှားမှုကို ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ပြုလုပ်ခဲ့ပြီး ကလေးပေါင်း ၄၃ သန်းကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးနိုင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၃၉၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၉ ကီလို ဖမ်းဆီးရမိ




ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၃၉၀၀ ကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၄၉ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် ည ၇ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာ အနီးတွင် မိုင်းဆတ်မှ တာချီလိတ်သို့ စိုင်းချစ်ဦးဝေ မောင်းနှင်ပြီး စိုင်းညွန့်ရွှေ လိုက်ပါလာသည့် ISUZU အမျိုးအစား Box Truck မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၃၉၀၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၉ ကီလို သိမ်းဆည်းရမိခဲ့ပြီး ယင်းနေ့ ည ၇ နာရီခွဲတွင် သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း) များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုင်းခမ်းလှ၊ စိုင်းပီးနှင့် စိုင်းစံထွန်း(ခ) စိုင်းထွန်း(ခ) နောင့်ထွန်းတို့အား CROWN မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့၍ စစ်ဆေးခဲ့ရာ တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာရှိ ဖမ်းမိတရားခံ စိုင်းစံထွန်း(ခ)စိုင်းထွန်း(ခ)နောင့်ထွန်း ၏ နေအိမ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ၆၀ ဂရမ် ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း) များကို ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မော်လမြိုင်မြို့တွင် လူငယ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးငွေညှစ်နေကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် စစ်မှုထမ်းရန် စာရင်းကောက်နေကြောင်း ကောလာဟလသတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိ







**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့်နေ့ ဖေဖော်ဝါရီ ၁၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ လူငယ်အမျိုးသား ၅၀ ထက်မနည်းကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီး ငွေညှစ်နေကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ DVB က အများပြည်သူ စိုးရိမ်ထိတ်လန့်စေရန်အတွက် လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မော်လမြိုင်မြို့မှ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မော်လမြိုင်မြို့တွင် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်း သာယာရေးအတွက် လှည့်ကင်း၊ ပတ်ကင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဆောင်ရွက်လျက်ရှိပြီး လူငယ်များကို ဖမ်းဆီးငွေညှစ်ခြင်းများမရှိကြောင်း၊ မိဘပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် လုပ်ကြံရေးသားခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်၊ ရပ်ကွက်များတွင်လည်း အသက် ၁၈ နှစ်နှင့် ၃၅ နှစ် အမျိုးသားများ စာရင်း ကောက်ယူနေကြောင်း မှန်ကန်မှုမရှိသည့် သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းမှုကို မလိုလားသူ အဖျက်သမားများက မိဘပြည်သူများနှင့် လူငယ်လူရွယ်များကို စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလ သတင်းမှားများဖြင့် နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှု မရှိစေရန်အတွက် ဝါဒဖြန့် လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သာယာဝတီထောင်၌ ရာဇဝတ်အကျဉ်းသားက နိုင်ကျဉ်းလူငယ်တချို့ကို လိင်တူချင်း အဓမ္မပြုရန် ကြိုးပမ်းဟု မဟုတ်မမှန် လုပ်ကြံရေးသား

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

သာယာဝတီထောင်၌ ရာဇဝတ်အကျဉ်းသားက နိုင်ကျဉ်းလူငယ်တချို့ကို လိင်တူချင်း အဓမ္မပြုရန် ကြိုးပမ်းဟူသော ခေါင်းစဉ်ဖြင့် DVB TV News အမည်ခံ Facebook Page က ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

DVB TV News အမည်ခံ Facebook Page က မဟုတ်မမှန် လုပ်ကြံရေးသားရာတွင် သာယာဝတီအကျဉ်းထောင်၌ သေဒဏ် အကျဉ်းသားများအား အခန်းလူကြီးအဖြစ် အကျဉ်းသားအချင်းချင်း ထိန်းကျောင်းရန် တာဝန်ပေးကြောင်း၊ သေဒဏ်ချမှတ်ခံရပြီး ခေးပြမှုနှင့် အိုးဘိုထောင်က ပြောင်းလာသူ ပြူးကြီးဆိုသူက LGBT ဘက်ကို တိမ်းညွတ်သူ နိုင်ငံရေးအကျဉ်းသား လူငယ်တစ်ယောက်ကို လိင်ပိုင်းဆိုင်ရာ စော်ကားရန် အားထုတ်ခဲ့ကြောင်း၊ နိုင်ငံရေးအကျဉ်းသားလူငယ်က လက်မခံသည့်အတွက် ကျောက်ခဲအိတ်ဖြင့် ထုရိုက်မှုကြောင့် ခေါင်းကွဲပြီး ကိုးချက်အထိ ချုပ်လိုက်ရကြောင်း ဖော်ပြထားသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် သာယာဝတီ အကျဉ်းထောင်၌ သေဒဏ် အကျဉ်းသားများအား အကျဉ်းထောင်နည်းဥပဒေအပိုဒ် ၄၁၇ အရ မည်သည့်အကျဉ်းသားများနှင့်မှ မရောဘဲ သီးခြားတိုက်တွင်သာ ထားရှိကြောင်း၊ သေဒဏ် ချမှတ်ခံရသူများအား အခန်းလူကြီးအဖြစ် အကျဉ်းသားအချင်းချင်း ထိန်းကျောင်းရန် တာဝန်ပေးထားသည် ဆိုသည်မှာ မဟုတ်ကြောင်း သာယာဝတီထောင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းတွင် သီးသန့်တိုက်ရှိ မင်းနိုင်ဝင်း(ခ) ပြူးကြီးသည် အတူနေသူ နှစ်ဦးအား "ညီလေးတို့ အဆင်ပြေကြလား" ဟု မေးကြောင်း၊ ပြည့်စုံအောင်က "အဆင်ပြေသည်" ဟု ပြန်ပြောကြောင်း၊ ရဲရင့်ကိုက "အစ်ကို အဆင်မပြေတာရှိရင် ပွင့်ပွင့် လင်းလင်းပြောပါ"ဟု ပြန်ပြောကြောင်း၊ မင်းနိုင်ဝင်း(ခ)ပြူးကြီးက "အဲဒါဆိုလည်း ပြောတာပေါ့" ဟုဆိုကာ ပုံစံပုဆိုးထဲ၌ အုတ်ခဲအပိုင်းအစများ ထည့်ထားသော အထုပ်ငယ်ဖြင့် ရဲရင့်ကိုအား လွှဲ၍ ရိုက်နှက်ကြောင်း၊ ရဲရင့်ကို အရိုက်ခံရသဖြင့် အတူနေ အကျဉ်းသား ပြည့်စုံအောင်က ဝင်ရောက်ဖျန်ဖြေခဲ့ရာ ဘယ်ဘက်ပခုံးကို တစ်ချက်ရိုက်မိခဲ့ကြောင်း၊ ရဲရင့်ကိုသည် ဘယ်ဘက်နဖူး တစ်ချက်ရိုက်မိရာ တာဝန်ကျဝန်ထမ်းများ ရောက်ရှိလာမှ ရန်ပွဲပြီးဆုံးခဲ့ကြောင်း အကျဉ်းထောင် တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

အကျဉ်းသား မင်းနိုင်ဝင်း(ခ) ပြူးကြီးသည် မန္တလေးဗဟို အကျဉ်းထောင်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ပြစ်မှုမကြာခဏ ကျူးလွန်တတ်သဖြင့် တိုက်ခန်း၌ သီးသန့်ထားရှိသူဖြစ်သည့်အပြင် အခန်း လူကြီး/စည်းကမ်းထိန်း အကျဉ်းသား အဖြစ် ခန့်ထားသူ မဟုတ်ကြောင်း၊ ၎င်းတို့ကိုထားရှိရာ တိုက်ခန်း၌ အကျဉ်းသားသုံးဦး ထားရှိသဖြင့် လိင်တူချင်း အဓမ္မပြုကျင့်ရန် ဆောင်ရွက်၍ မရကြောင်း၊ တိုက်ခန်းအတွင်းရှိ အကျဉ်းသားများနှင့် ကပ်လျက်အခန်းမှ အကျဉ်းသားများ၏ ထွက်ဆိုချက်များအရ အကျဉ်းသား မင်းနိုင်ဝင်း (ခ) ပြူးကြီးသည် ညဘက်၌ အသံကျယ်လောင်စွာ ဘုရားရှိခိုးသည့်အပြင် အိပ်စက်သည့်အခါတွင်လည်း ဟောက်တတ်သဖြင့် အကျဉ်းသား ရဲရင့်ကိုနှင့် မကြာခဏ စကားများလေ့ရှိကြောင်း၊ အကျဉ်းသား မင်းနိုင်ဝင်း (ခ) ပြူးကြီး ညဘက်အိပ်၍ ဟောက်သည့်အချိန်တွင် အကျဉ်းသား ရဲရင့်ကိုက အိပ်မရသဖြင့် လက်တို့ပြီး မကြာခဏ နှိုးသည်ကို ရန်ငြိုးထားကာ ရန်ဖြစ်ခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူ အကျဉ်းသား မင်းနိုင်ဝင်း (ခ) ပြူးကြီးအား အကျဉ်းထောင်အက်ဥပဒေပုဒ်မ ၄၅၊ အပိုဒ်ခွဲ ၂ အရ တိုက်ပိတ်ပြစ်ဒဏ် ၁၄ ရက် ချမှတ်ခဲ့ကြောင်း၊ နောင်တွင် ဆက်လက် မဖြစ်ပွားစေရေးအတွက် အတူနေ အကျဉ်းသားနှစ်ဦးအား အခြားတိုက်ဝင်းသို့ ပြောင်းရွှေ့ပေးပြီး ဖြစ်ကြောင်း၊ ထပ်မံ မဖြစ်ပွားစေရန်အတွက် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း အကျဉ်းထောင် တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရှိရသည့်အတွက် DVB TV News အမည်ခံ Facebook Page တွင် ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင် လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့်ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်း ဖြစ်ကြောင်း သိရသည်။

**သောင်းမြင့်**

## ပြည်ကြီးတံခွန်မြို့နယ်၌ ခြင်ဆေးခွေထွန်းထားရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ဖေဖော်ဝါရီ ၂၅ ရက်က ခြင်ဆေးခွေ ထွန်းထားရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁ နာရီ မိနစ် ၅၀ က ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ထွန်းလင်းအောင် (၄၁)နှစ်၏ နေအိမ်အောက်ထပ်ရှိ ကုန်စုံဆိုင်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင် များပါဝင်သည့် ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက် မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ဖြစ်စဉ်အား စိစစ်ရာ အဆိုပါကုန်စုံဆိုင်အတွင်းရှိ ကော်ဖီမစ်ထုပ်ဖာများပေါ်တွင် ခြင်ဆေးခွေထွန်းထားရာမှ မီးပွားကျပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ကုန်စုံဆိုင်အတွင်းရှိ ကုန်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သောကြောင့် ထွန်းလင်းအောင်အား ပြည်ကြီးတံခွန်မြို့မရဲစခန်း အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ချောင်းဆုံမြို့နယ်၌ (၇၇) နှစ်မြောက် မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနား စည်ကားစွာကျင်းပ

**ချောင်းဆုံ ဖေဖော်ဝါရီ ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာ၌ (၇၇) နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနား (ဗဟို) ကို ဖေဖော်ဝါရီ ၂၅ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် မွန်အမျိုးသားအလံတော်အား လွှင့်တင်ကာ တက်ရောက်လာသူများက ပြည်ထောင်စုအလံ၊ မွန်အမျိုးသားအလံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခဲ့ကြပြီးနောက် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ကမာမိုကျေးရွာ သစ္စာရာမကျောင်းတိုက် ဆရာတော်က အဖွင့်ဩဝါဒချီးမြှင့်ကာ (၇၇) နှစ်မြောက် မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနား သဘာပတိကြီးက မိန့်ခွန်းပြောကြားသည်။



ဆက်လက်၍ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် မွန်အမျိုးသားနေ့ သဝဏ်လွှာကို မွန်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး နိုင်ခင်မောင်ဦးက ဖတ်ကြားခဲ့ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်စီးပွားရေးရာဝန်ကြီး နိုင်လယိတမက ဖတ်ကြားကာ ရန်ပုံငွေကျပ် သိန်း ၅၀၀ ထောက်ပံ့သည့် ပြည်နယ်အစိုးရအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ထို့နောက် လာမည့်နှစ်တွင် မွန်အမျိုးသားနေ့ကျင်းပမည့် ရွာလွတ်ကျေးရွာသို့ မွန်အမျိုးသားနေ့ ကျင်းပရေးအလံအား လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ (၇၇) နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနား (ဗဟို) သို့ ကျေးရွာ ၁၆ ရွာမှ မွန်တိုင်းရင်းသားများမှ ချီတက်အလေးပြုခဲ့ကြပြီး မွန်ရိုးရာယဉ်ကျေးမှု ဖျော်ဖြေမှုများကို တိုင်းရင်းသားများ အေးချမ်းပျော်ရွှင်စွာ လာရောက်အားပေးကြသည်။

ပထမဟံသာဝတီ နေပြည်တော်ကြီးကို စတင်တည်ထောင်ခဲ့သည့် သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ် တပို့တွဲလဆုတ် ၁ ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ်သတ်မှတ်ကာ မွန်အမျိုးသားနေ့ အခမ်းအနားများကို နှစ်စဉ်စည်ကားစွာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# မလှိုင်မြို့နယ်၌ စက်ရေတွင်းတူးဖော်နိုင်ရေး ဆောင်ရွက်

**မလှိုင် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထန်းတောကျေးရွာ၌ တွင်းနက် စက်ရေတွင်းအသစ် တူးဖော်နိုင်ရေးအတွက် ဆရာတော်များ ပင့်ဖိတ်၍ မြေသန့်မင်္ဂလာနှင့် ကမ္မဝါစာရွတ်ဖတ်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပသည်။ **(အောက်ဝဲပုံ)**



ရှေးဦးစွာ မလှိုင်မြို့ ရှစ်မျက်နှာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကဥ္စန (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ထံမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်နွယ်နီထွန်းနှင့် တာဝန်ရှိသူများက ငါးပါးသီလဆောက်တည်ခံယူကြသည်။ ယင်းနောက် တွင်းနက်စက်ရေတွင်း တူးဖော်မည့်နေရာသို့ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ စက်ရေတွင်းအသစ်မှာ ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေ ၂၅ ဒသမ ၇၆ သန်းဖြင့် ခြောက်လက်မ၊ အနက်ပေ ၄၀၀ ဖြစ်ပြီး "4G ကုမ္ပဏီ" မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါစက်ရေတွင်းပြီးစီးပါက အမှတ်(၁)ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၈၁၅ အိမ်၊ အိမ်ထောင်စု ၈၁၅ စု၊ လူဦးရေ ၁၆၀၆ ဦးအတွက် ရေသန့်ရေကောင်းများ ယခင်ကထက် ပိုမိုဖူလုံလာမည်ဖြစ်ပြီး ပွင့်လင်းရာသီနှင့် အယ်လ်နီညိုဖြစ်ပေါ်မှု အန္တရာယ်ကြောင့် ရေရှားပါးစဉ်ကို အဆိုပါရေတွင်းမှ သောက်ရေသုံးရေ ပြည့်ဝစွာ ရရှိနိုင်မည်ဖြစ်သည်။

မြထွန်း(မလှိုင်)

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၁ ဦး တွေ့ရှိ

(၂၆-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၈-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၀၇၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တရားမဝင် သစ်မျိုးစုံ၊ ခဲသတ္တုများ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် AHH Napkins Pads အမျိုးသမီးလစဉ်သုံးပစ္စည်း ကီလိုဂရမ် ၁၆၀၇၊ JFRESH LED Panel Light မီးသီးအလုံး ၅၀၀၀ အပါအဝင်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၇၀၁၂၈) ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Durasol Solar Inverter ၅၄ လုံး၊ Golden Life And S-Life Carpet ကော်ဇော စတုရန်းမီတာ ၁၀၀၀၀၊ 5 Ton Double Rail Hoist ကရိန်း နှစ်ခုအပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၈၆၀၀၀၀) ကိုလည်းကောင်း၊ သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဆေးဝါးများဖြစ်သည့် Conozole အရေပြားလိမ်းဆေး ၁၄၆ ဘူးနှင့် Hexicord TS ချက်ကြိုးအနာသက်သာဆေး ၆၀၅၂ ဘူးအပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၄၆၄၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၇၃၄၇၆၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့၌ တရားမဝင် ခဲသတ္တု(အရိုင်း) ၁၆၃ ကီလိုဂရမ်၊ ချန်ချိုင်းအမျိုးအစား နှစ်လုံးထိုး အင်ဂျင် ၁၂ လုံးအပါအဝင် ဆက်စပ်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၅၀၀၀၀)ကို မြန်မာ့သတ္တုတွင်း ဥပဒေအရလည်းကောင်း၊ ကျွန်းစုမြို့နယ် ကျွဲခရံကျေးရွာ စမုံဂလက်ရေပြင်၌ တရားမဝင် အခြားသစ် ၇ ဒသမ ၁၇၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၆၆၄၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် သစ်သားစက်လှေ တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၁၅၀၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြိတ်ခရိုင် ကျွန်းစုမြို့နယ်နှင့် မြိတ်မြို့နယ်တို့၌ လိုင်စင်မဲ့ Honda Wave 100 မော်တော်ဆိုင်ကယ် တစ်စီး၊ Scoopy မော်တော်ဆိုင်ကယ်တစ်စီး၊ TACT Honda မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်တန်ဖိုးငွေကျပ် ၃၈၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၄၇၆၆၄၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းကင်း-ကြေးတောင်ဦးသွား ကားလမ်းအနီး၌ လိုင်စင်မဲ့ KENBO 125 မော်တော်ဆိုင်ကယ် တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၅၈/၁)၊ (၃၆၉/၃)နှင့် (၃၇၂/၂) တို့၌ မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Bella သနပ်ခါးနှင့် ရှားစောင်းလက်ပပ် ဂျယ်ဘူး ၄၈၀၊ Cloth Printing Mechine နှစ်ခု၊ Bee Sodium Cyclamate ကီလိုဂရမ် ၁၂၀၀၊ Itel Phone အလုံး ၁၉၀၊ Lebelage Ceramide Dera Ampoule အရေပြားအားဖြည့်ဆေးရည် ၁၀၈ ကီလိုဂရမ်၊ တရုတ်နိုင်ငံထုတ် Spring စပရိန် ကီလိုဂရမ် ၅၅၀၀၊ KESITU Solar Camping Light မီးသီး အလုံး ၅၈၀၊ Head Lamp ခေါင်းစွပ်ဓာတ်မီး(ကြိုးပါ) ၂၅၇၅ ကီလိုဂရမ်၊ ဆိုင်ကယ် အပိုပစ္စည်း GGG Spark Plug အခု ၄၀၀၀ အပါအဝင် ကုန်ပစ္စည်း ၇၄ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၅၅၉၉၂၇၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Mitsubishi Truck နှစ်စီးနှင့် Kaung Myat Sann Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၉၆၅၉၂၇၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၈၆၃ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၉၇၁၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၅ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၄၆၂၃၈၂၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# တက္ကသိုလ်လေ့ကျင့်ရေး တပ်မှသည်... နောင်တစ်ခေတ်၏ နိုင်ငံ့သားကောင်း အောင်စစ်သည်များ

ညောင်ဦးဖိုး

**တက္ကသိုလ်အရန်တပ်ရင်း(UTC) ကို ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်စဉ်က စစ်ပညာသင်ကြားရန် ဝါသနာပါသော ကျောင်းသားကျောင်းသူများ၊ ပထမကမ္ဘာစစ်မှ စစ်ပြန်များနှင့် ဖွဲ့စည်းခဲ့ပြီး စစ်ရေးပြသင်တန်းများကို ဗြိတိသျှစစ်တပ်က ပို့ချခဲ့သည်။ ထိုစဉ်က တက္ကသိုလ်အပျော်တမ်းတပ်ဟု ခေါ်ဆိုပြီး တပ်ဖွဲ့ဝင်များမှာ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘုရင်ခံအပါအဝင် ဂုဏ်ထူးဆောင်ဧည့်သည်များကို စစ်ရေးပြအခမ်းအနားဖြင့် ကြိုဆိုရခြင်းဖြစ်သည်။**



တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC) သင်တန်းသူများအား လက်နက်ငယ်ဘာသာရပ် သင်ကြားပေးစဉ်။

တက္ကသိုလ်အရန်တပ်ရင်း (University Training Corps–UTC) ကို ၁၉၂၂ ခုနှစ် ဇွန်လတွင် ၁၉၂၀ အိန္ဒိယနယ်မြေ တပ်ဖွဲ့ဥပဒေအခန်း (၁၂) အရ အမှတ်(၆) မြန်မာပြည်တပ်ရင်း၊ တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။

**ကျောင်းသားများ စစ်ပညာ တတ်မြောက်စေရန် ရည်ရွယ်ဖွဲ့စည်း**

စတင်ဖွဲ့စည်းစဉ်က အရာရှိကိုးဦးနှင့် အခြားအဆင့် ၄၁၀ ရှိခဲ့ပြီး ကျောင်းသားများ စစ်ပညာ တတ်မြောက်စေရန်နှင့် ကိုယ်ကာယကြံ့ခိုင်စေရန် ရည်ရွယ်၍ဖွဲ့စည်းခဲ့သည်။ တက္ကသိုလ်တွင် ပညာဆည်းပူးပြီးနောက် အိန္ဒိယနယ်မြေတပ်ဖွဲ့သို့ ဝင်ရောက်လိုလျှင် ဝင်နိုင်ရန်ရည်ရွယ်၍ လေ့ကျင့်ပေးသည့်သဘောဖြစ်သည်။ အသက် ၁၆ နှစ်ပြည့်ပြီးသူနှင့် ၃၀ နှစ်ထက် မကျော်သူများ ဝင်ခွင့်ရရှိပြီး ကျောင်းသားများသည် အရပ်မီသူ၊ ကိုယ်ကာယကျန်းမာသန်စွမ်းသူ ဖြစ်ရမည်ဟု သတ်မှတ်ခဲ့သည်။

စစ်ကြိုခေတ်တွင် တက္ကသိုလ်ဘွဲ့နှင်းသဘင် အခမ်းအနား၌ တက္ကသိုလ်အဓိပတိ၏ ကိုယ်ရံတော်တပ်ဖွဲ့အဖြစ် စစ်ရေးပြခြင်း၊ စစ်ချီတက်ခြင်း ပြုလုပ်ခဲ့ပြီး ဂုဏ်ပြုတပ်ဖွဲ့အဖြစ်လည်း ဖွဲ့စည်း၍ တက္ကသိုလ်အဆောက်အအုံအသစ်များ၊ ဘွဲ့နှင်းသဘင်ခန်းမဆောင်နှင့် စာကြည့်တိုက်အဆောက်အအုံ အုတ်မြစ်ချပွဲတို့တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ဌာနချုပ်ကို ထိုအချိန်က တက္ကသိုလ်ကောလိပ်တည်ရှိရာ ကော်မရှင်နာလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) တွင် ၁၉၂၂ ခုနှစ်မှ ၁၉၂၉ ခုနှစ်တိုင် ဖွင့်လှစ်ခဲ့သည်။ ၁၉၂၈ ခုနှစ် ဇွန်လတွင် တက္ကသိုလ်နယ်မြေအတွင်း တက္ကသိုလ်အရန်တပ်ရင်းဌာနချုပ်နှင့် လေ့ကျင့်ရေးကွင်းတို့ကို တက္ကသိုလ်၏ထောက်ပံ့ငွေဖြင့် တည်ဆောက်ခဲ့ရာ ၁၉၂၉ ခုနှစ်တွင် ကမာရွတ်မြို့နယ်၊ အောက်ပုဂံလမ်းတွင် အဆောက်အအုံများ တည်ဆောက်မှု ပြီးစီးခဲ့သည်။

**တက္ကသိုလ်အရန်တပ်ရင်း (ရန်ကုန်) ကို ပြန်လည်ဖွဲ့စည်း**

တက္ကသိုလ်အရန်တပ်ရင်းတွင် သင်တန်းဖွင့်လှစ်မှုကို ၁၉၂၂ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ် မြန်မာပြည်သို့ ကူးစက်လာသောအခါ ၁၉၄၂ ခုနှစ်တွင် တက္ကသိုလ်အရန်တပ်ရင်း၏ ဆောင်ရွက်မှုများ ရပ်ဆိုင်းသွားခဲ့သည်။ ၁၉၅၂ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် တက္ကသိုလ်အရန်တပ်ရင်း (ရန်ကုန်) ကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး စတင်ဖွဲ့စည်းစဉ်က တက္ကသိုလ်အရန်တပ်ရင်းကို စစ်ဝန်ထမ်းဌာနချုပ်ရုံး လက်အောက်တွင် ထားရှိခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် ပြည်စောင့်တပ် ညွှန်ကြားရေးမှူးရုံးအား ဖွဲ့စည်း၍ ၎င်းလက်အောက်တွင် ထားရှိခဲ့သည်။

**အရေးကြုံလျှင် နိုင်ငံတော်ကာကွယ်ရေးတွင် ထမ်းဆောင်နိုင်ရန်ဖြစ်**

၁၉၆၂ ခုနှစ်တွင် တက္ကသိုလ် အရန်တပ်ရင်း (ရန်ကုန်) အား ဖွဲ့စည်းပုံဇယားအမှတ်၊ ကဖ ၁၀၈ က ၆၂ အရ အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး တပ်အမည်ကို အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်ဟု အမည်ပြောင်းလဲခဲ့သည်။ တပ်မတော်လေ့ကျင့်ရေးတပ်၏ ရည်မှန်းချက်တာဝန်သည် လက်ရှိအပျော်တမ်း တပ်ဖွဲ့ဝင်များဖြစ်သော တက္ကသိုလ်ကျောင်းသားများအား ၎င်းတို့၏ပညာသင်နှစ်ပြီးဆုံးသောအခါ အမြဲတမ်းတပ်မတော်သို့ အရာရှိနှင့် အကြပ်အဆင့်များအဖြစ် ဝင်ရောက်အမှုထမ်းဆောင်နိုင်ရေး သင့်လျော်ကိုက်ညီသော စစ်ပညာသင်တန်းပေးရန်၊ ထိုသို့လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် အရေးကြုံလျှင် နိုင်ငံတော်ကာကွယ်ရေးတွင် ထမ်းဆောင်နိုင်ရန်အတွက် လေ့ကျင့်မှုရှိပြီး အရန်အင်အားစုတစ်ရပ်အဖြစ် စုဆောင်းထားရန်တို့ဖြစ်သည်။

အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်သည် တပ်ဖွဲ့ဝင်ကျောင်းသားအင်အား တပ်ခွဲ (တစ်)ခွဲလျှင် (၁+၁၅၁) ဦး၊ တပ်ခွဲ (၁၀) ခွဲတွင် (၁၅၂၀) ဖြင့် အခြေခံစစ်ပညာသင်တန်း တပ်သားကြီးအဆင့်မှ တန်းမြင့်စစ်ပညာသင်တန်း အကြပ်အဆင့်ထိ သင်ကြားပေးနိုင်ခဲ့သည်။

**နိုင်ငံ့သားကောင်းများအဖြစ် မှတ်ကျောက်တင် ပြသနိုင်ခဲ့**

တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တက်ရောက်သင်ကြားခဲ့သော ကျောင်းသားတပ်ဖွဲ့ဝင်များမှ နယ်ဘက်နှင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ထင်ရှားသောပုဂ္ဂိုလ်များစွာ ပေါ်ထွန်းခဲ့သည်။ ထိုသို့ပေါ်ထွန်းလာမှုသည် ရန်ကုန်တက္ကသိုလ်ကြီး၏ ကျေးဇူးကို တစ်ထောင့်တစ်နေရာမှ ပြန်လည်ဆပ်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများအဖြစ် စွမ်းဆောင်မှုဂုဏ်ရည်ကို မှတ်ကျောက်တင်ပြသနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

အမိတက္ကသိုလ်ကြီးတွင် ပညာသင်ကြားစဉ် တက္ကသိုလ်လေ့ကျင့်ရေးတပ်၌ ကျောင်းသားတပ်ဖွဲ့ဝင်များအဖြစ် သင်တန်းတက်ရောက်ခဲ့သူများတွင် စစ်ဘက်နှင့်အရပ်ဘက်တို့၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ရှားရှားပါးပါးပုဂ္ဂိုလ် ၃၀ ခန့်ကို မှတ်တမ်းတင်ထားခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်ရင်ခွင်တွင် ပညာသင်ကြား၍ UTC တွင် သင်တန်းတက်ရောက်ခဲ့သူတို့အနက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၊ ၁၉၆၀ ပြည့်နှစ်တွင် သင်တန်းတက်ရောက်ခဲ့သည့် လဝကဝန်ကြီး သီရိပျံ့ချီ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)၊ နယက(အဖွဲ့ဝင်)၊ လကခချုပ်၊ ကစထမှူး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)၊ ကိုလိုနီခေတ်တွင် UTC တက်ရောက်ခဲ့ကြသည့် နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဝင်း(ငြိမ်း)၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာ၏သားဖြစ်သူ ဦးအောင်လက်ျာ၊ သံအမတ်ကြီးဦးပေါ်လွင်စိန်(ငြိမ်း)။

၁၉၆၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဥပဒေကြမ်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌဦးဇော်မင်း၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဇော်ထွန်း (ငြိမ်း)၊ မြန်မာနိုင်ငံရှေ့နေများအသင်း ဒုဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးကျော်ဇေယျ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဦးမြင့်ဦး (ငြိမ်း)၊ စာရေးဆရာရဲဘော်သစ်မောင်၊ ဒုဗိုလ်မှူးကြီး မောင်မောင်ဦး (ငြိမ်း)၊ ၁၉၇၂ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ သင်တန်းတက်ရောက်ခဲ့ကြသည့် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူ(ငြိမ်း)၊ ဗိုလ်မှူးကြီးဇော်လင်း၊ ၁၉၇၃ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ သင်တန်းတက်ရောက်ခဲ့သည့် စစ်သံမှူးဗိုလ်မှူးချုပ် အောင်ချိန် (ငြိမ်း)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ မြန်မာ နိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေ (ငြိမ်း)၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ တက်ရောက်ခဲ့သည့် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်း (ငြိမ်း)၊ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တက်ရောက်ခဲ့သည့် သင်္ချာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာတင်မောင်ဝင်း၊ ၁၉၈၀–၁၉၈၁ တွင်

*စာမျက်နှာ ၁၇ သို့*

**❋ အခြေခံစစ်ပညာဘာသာရပ်တွင် စစ်ရေးပြ (လက်နက်မပါ/လက်နက်ဖြင့်)၊ လက်နက်ငယ်ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု၊ စစ်နည်းဗျူဟာ (တပ်စိတ်)၊ အနီးကပ်တိုက်နည်း (မြန်မာ့သိုင်း)၊ သဘောတရားရေးရာဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာ၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြု၊ စက်ပစ်ကွင်း၌ လက်တွေ့ပစ်ခတ်ခြင်းနှင့် စုပေါင်းလေ့ကျင့်ခန်းတို့ကိုလည်းကောင်း၊ တန်းမြင့်စစ်ပညာသင်တန်းတွင် လက်နက်ငယ်ဘာသာရပ်၊ စစ်နည်းဗျူဟာ (တပ်စိပ်/တပ်စု)၊ အနီးကပ်တိုက်နည်း (မြန်မာ့သိုင်း)၊ သဘောတရားရေးရာ ဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာ၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြု၊ စက်ပစ်ကွင်း လက်တွေ့ပစ်ခတ်ခြင်း၊ မြေပုံဖတ်နည်းနှင့် စုပေါင်းလေ့ကျင့်ခန်းတို့ကို လေ့ကျင့်သင်ကြားပေး**

# မိတ္ထီလာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်နေသော သီးနှံဈေးနှုန်းများ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာကုန်စည်ဒိုင်တွင် ဆီထွက် သီးနှံများ၊ ပဲမျိုးစုံသီးနှံများ၊ ဝါသီးနှံများ၊ စားဖိုဆောင်သီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မိတ္ထီလာကုန်စည်ဒိုင်၌ ဖေဖော်ဝါရီလ တတိယပတ်အတွင်း ဖြစ်ပေါ်နေသော ဆီထွက်သီးနှံ ဈေးနှုန်းများမှာ နှမ်း(ညို) တစ်တင်းလျှင် ငွေကျပ် ၉၈၀၀၀–၁၀၀၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀၀၊ နေကြာစေ့ တစ်တင်းလျှင် ငွေကျပ် ၄၀၀၀–၄၁၀၀၊ နှမ်းဆီတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀–၁၄၅၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀–၁၄၅၀၀ ဖြင့် ဈေးနှုန်း အနည်းငယ်ကျဆင်း၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ နေကြာဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀၊ နှမ်းဖတ် တစ်ပိဿာလျှင် ငွေကျပ် ၂၆၅၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၃၁၅၀၊ နေကြာဖတ် တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

ပဲမျိုးစုံသီးနှံ ဖြစ်သော ကုလားပဲ(V2) တစ်တင်းလျှင် ငွေကျပ် ၈၈၀၀၀–၉၀၀၀၀၊ ပဲစင်းငုံ(သစ်) တစ်တင်းလျှင် ငွေကျပ် ၁၂၂၀၀၀ နှင့် ထောပတ်ပဲ(သစ်) တစ်တင်းလျှင် ငွေကျပ် ၁၃၅၀၀၀–၁၄၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ငရုတ်သီး(သစ်)တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀–၉၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀–၂၅၀၀ နှင့် မန်ကျည်းသီးအတောင့် တစ်ပိဿာလျှင် ငွေကျပ်၁၈၀၀–၁၉၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သိရသည်။ **DOCA(မန္တလေး)**



# သာယာဝတီခရိုင်တွင် ရေလိုက်မတ်ပဲများ လှိုင်လှိုင်ထွက်ပေါ်၍ အကျိုးအမြတ်ပိုမိုရရှိ



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် ရေလိုက်မတ်ပဲများ လှိုင်လှိုင်ထွက်ပေါ်နေပြီး ဈေးနှုန်းမှာလည်း ထွက်ပေါ်စအချိန်မှစတင်ပြီး ယခုအချိန်ထိ ဈေးနှုန်းကောင်းမွန်လျက်ရှိကြောင်း၊ မတ်ပဲအထွက်နှုန်းမှာလည်း ယခင်နှစ်ကထက် ပိုမိုထွက်ရှိ၍ အကျိုးအမြတ်များစွာ ရရှိနေကြောင်း သိရသည်။

**၂၅တင်းနှုန်းနှင့်အထက် ထွက်ရှိ**

ရေလိုက်မတ်ပဲများကို စိုက်ပျိုးရာကိုင်းမြေများသည် မြစ်မခမြစ်အတွင်း နုန်းတင်မြေနုများပေါ်တွင် စိုက်ပျိုးခြင်းဖြစ်၍ အထွက်နှုန်းကောင်းမွန်ပြီး ယခင်နှစ်က ၁၅ တင်းနှုန်းထွက်ခဲ့ပြီး ယခုနှစ်တွင် ၂၅ တင်းနှုန်းနှင့်အထက် ထွက်ရှိကြောင်း သိရသည်။

**အကျိုးအမြတ်များစွာရရှိ**

ရေလိုက်မတ်ပဲ စိုက်ပျိုးရာတွင် ထွန်ယက်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ကုန်ကျစရိတ်မှာ ထွန်ယက်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခြွေလှေ့ခ၊ သယ်ယူစရိတ်၊ လုပ်သားခအပါအဝင် စုစုပေါင်းတစ်ဧကလျှင် ငွေကျပ် ၆၅၀၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကလျှင် ၂၅ တင်းနှုန်း ထွက်ရှိကြောင်း၊ တစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀၀ ရောင်းချရပြီး တစ်ဧကဝင်ငွေမှာ ငွေကျပ် ၂၅၀၀၀၀၀ ရရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၈၅၀၀၀၀ ရရှိကြောင်း၊ ရေလိုက်မတ်ပဲသည် အစောဆုံးထွက်ရှိသော မတ်ပဲဖြစ်ပြီး နှစ်စဉ်ဈေးကောင်းရရှိကြောင်း၊ မတ်ပဲတစ်တင်းလျှင် ယခင်နှစ်တွင် ငွေကျပ် ၅၄၀၀၀ ရရှိပြီး ယခုနှစ်တွင် ငွေကျပ် ၁၀၀၀၀၀ ဖြင့် ရောင်းချရခြင်းကြောင့် အကျိုးအမြတ်များစွာရရှိကြောင်း တောင်သူများထံမှ သိရသည်။

**DOCA(ပဲခူး)**

# ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

ပဲခူးတိုင်းဒေသကြီး ပြည်ကုန်စည်ဒိုင်တွင် ပဲမျိုးစုံရောင်းဝယ်လျက်ရှိပြီး မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီး၊ ဘိုကိတ်ပဲနှင့် စားတော်ပဲသီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပဲသီးနှံ ဈေးနှုန်းဈေးကွက်အနေဖြင့် ဖေဖော်ဝါရီ တတိယပတ်တွင် မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၉၇၅၀၀ ဖြင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ် ၃၅၀ ခန့်၊ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၇၃၀၀၀ ဖြင့် မန္တလေးသို့တစ်ရက်လျှင် အိတ် ၂၀၀ ခန့်၊ ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၁၂၃၀၀၀ ဖြင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ် ၃၀၀ ခန့်၊ ကုလားပဲ(HL) တစ်တင်းလျှင် ငွေကျပ် ၉၆၀၀၀ ၊ ကုလားပဲ (မြကြေးမှုံ)တစ်တင်းလျှင် ငွေကျပ် ၉၈၀၀၀ ဖြင့် မြို့တွင်းပဲခွဲစက်သမားများသို့ တစ်ရက်လျှင် အိတ် ၂၅၀ ခန့်၊ ပဲကြီး(ရွှေကျွန်း) တစ်တင်းလျှင် ငွေကျပ် ၁၂၅၀၀၀ ၊ ပဲကြီး(ကုန်းပဲ) တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀ ဖြင့် ပဲကြော်သမားများနှင့် မြို့တွင်းသို့ တစ်ရက်လျှင် အိတ် ၂၅၀ ခန့်၊ စားတော်ပဲ တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀ ဖြင့် မြို့တွင်းသို့ တစ်ရက်လျှင် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းနှင့် ဘိုကိတ်ပဲတစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ပြည်ကုန်စည်ဒိုင်၌ ဖေဖော်ဝါရီလ တတိယအပတ်တွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းတို့မှာ ဈေးနှုန်းကောင်းမွန်လျက်ရှိပြီး ကုလားပဲ၊ ပဲကြီး၊ ဘိုကိတ်နှင့် စားတော်ပဲ သီးနှံများမှာ အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရသည်။ **DOCA(ပဲခူး)**



## ၂၆–၂–၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၉၀ | ၁၉၀၀၀ | ၃၃၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လှိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၄၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၄၉၀ | ၁၆၀၀၀ | ၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၃၀ | ၁၃၅၀၀ | ၂၇၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၃၅၀၀ | ၂၈၀၀ | ၁၉၀၀၀ | ၁၁၇၀၀ | ၈၂၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၄၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၄၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၅၃၇၅ | ၁၆၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၁၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၅၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | – | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၂၅၀၀ | ၅၉၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | | ၆၈၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၇၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၂၄၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၂၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၇၃၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၂၀၀ | ၄၂၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၈၀၀ | ၄၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၂-၂၀၂၄ အင်္ဂါနေ့

MRTV

[illegible] [illegible]
[illegible] Sports Diary
[illegible] MRTV National News
[illegible] Clean and Green [illegible]

mitv

07:02 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn
07:10 Alms Bowl
07:20 Amazing: Magician Sak Kaw Ma
07:46 Nga Laik Dam & Nga Laik Kan Tha Eco Resort
08:01 News
08:26 Global Updates: Big Oil and Your Carbon Footprint
08:36 Commercial Farming to GDP Growth, Cassava Grower
08:53 Danu Food: Pounded Crab Apple Salad
09:01 Ramayana Classic Talk & Discussion (Episode-1)
09:27 Listening Pleasure, Instrumental Music (Xylophone) Xylophone Solo Show
09:37 Well-trained Elephants
09:48 Myanmar Childhood Games (Episode-3)
11:01 Beach Food Delivery

MRTV [illegible]

[illegible]

MRTV News

[illegible] Economic Review (Part-64)
[illegible] Save our Planet Program
[illegible] MRTV National News

MRTV Hluttaw

MRTV Sports

[illegible] Sports Diary
[illegible] MNL 2022 Match (Replay)

MRTV Application

Android iOS Huawei

Education Channel [illegible]


# ပေါင်မြို့နယ်၌ (၇၇) နှစ်မြောက် မွန် အမျိုးသားနေ့ အခမ်းအနားကျင်းပ



**ပေါင် ဖေဖော်ဝါရီ ၂၆**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ (၇၇) နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ကဒါရပ်ကွက် ကမ္ဘာ့အေး စေတီဘုရား၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ (၇၇) နှစ်မြောက် မွန်အမျိုးသားနေ့ အလံလွှင့်ထူပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မွန်အမျိုးသား နိုင်မွန်စိန်အောင်က မွန်အမျိုးသားတို့သည် စည်းလုံး ညီညွတ်မှုရှိခြင်း၊ ဇာတိသွေး၊ ဇာတိမာန်ရှိသော လူမျိုးဖြစ်ခြင်း၊ မွန်အမျိုးသားနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပနိုင်အောင် ကူညီဆောင်ရွက်ပေးကြသည့်အတွက် ဂုဏ်ယူပါကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် မွန်လူငယ် နိုင်ဇော်ဝင်းက မွန်အမျိုးသားများ စာပေနှင့် ယဉ်ကျေးမှုများ မပပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ နိုင်စန်ထွန်းကလည်း မွန်အမျိုးသားနေ့နှင့် ပတ်သက်သည့် မြေစိုက်ပိုစတာများ စိုက်ထူရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် သံဃာတော်များထံမှ တရားတော်များ နာယူပြီး ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ညှော့ခံကျွေးမွေးခြင်းများ ပြုလုပ်ခြင်း၊ ညနေပိုင်း၌ ပုံပြင်၊ ကဗျာ ရွတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအပြင် မွန်အက ပဒေသာများဖြင့် ဖျော်ဖြေကြသည်။

(၇၇) နှစ်မြောက် မွန်အမျိုးသားနေ့ ကျင်းပခြင်းဖြင့် မွန်တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာဖြင့် ဘိုးဘွားများချမှတ်ထားသည့် ရိုးရာဓလေ့ထုံးတမ်းများကို ဖော်ထုတ်နိုင်ပြီး မွန်လူငယ်များအနေဖြင့် မိမိတို့၏ တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုထုံးတမ်းတို့ကို မပျောက်မပျက်အောင် ဂရုပြုကာ လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်ရန် ရည်ရွယ်၍ မွန်အမျိုးသားနေ့အား အစဉ်အဆက် လက်ဆင့်ကမ်း ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## MFF ဖူဆယ်လိဂ်-၂ ပွဲစဉ် (၁၅) ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၁၅) ကို ဖေဖော်ဝါရီ ၂၆ ရက်က MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ် (၁၄) အပြီးတွင် ရမှတ်တူဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေသည့် YRG နှင့် TG United အသင်းတို့အနက် YRG အသင်း နိုင်ပွဲပြန်ရသော်လည်း TG United အသင်း ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် YRG အသင်းက သုံးမှတ်အသာဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။ ပွဲစဉ် (၁၅) တွင် YRG အသင်းက Golden Yoma အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ Black Cross အသင်းက TG United အသင်းကို သုံးဂိုး-နှစ်ဂိုး၊ SGF အသင်းက ရွှေပြည်သာအသင်းကို ခြောက်ဂိုး-လေးဂိုး၊ KKY အသင်းက Maryar အသင်းကို ငါးဂိုး-သုံးဂိုး၊ Noka United အသင်းက Seven အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Sun Far အသင်းက M-Million အသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

ရဲရင့်လွင်

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၂၆ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၆၅ ကျပ် | ၂၆၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၁၀ ကျပ် | ၂၆၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၈၅ ကျပ် | ၂၉၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၄၀၀ | ၂၅၀ | ၂၀၉၅၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၂၇၀၆ | ၇၈၄၇၄၀၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၁၈ | ၁၃၆၈၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၂၅၀ | ၃၇၅၀၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၂ | ၄၉၀၀ |
| EFR | ၁၇၅၀ | ၁၇၀၀ | ၄၄၇ | ၇၃၇၉၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၉ | ၄၃၂၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၇၄ | ၁၂၅၈၀၀ |

# စုပေါင်းနွဲပျော် တပို့တွဲလ ထမနဲပွဲတော်

လွန်းပိုးအိမ်

**တပို့တွဲလသည် ဆောင်းရာသီ၏ နောက်ဆုံးလဖြစ်သည်။ ညဉ့်အချိန်တွင် နှင်းမှုန်ဖြူလွလွ ကလေးများက ဇာပဝါလိုခြုံလွှမ်းထားပြီး လွန်စွာချမ်းအေးလှသဖြင့် “နှာရည်ယိုရွှဲ တပို့တွဲ” ဟု ခေါ် ဆိုကြသည့်အတိုင်း အပူနှင့်အအေး လွန်ဆွဲနေသည့်ကာလလည်းဖြစ်ပါသည်။ တပို့တွဲလသည် ဆောင်းအကုန် နွေအကူးလ ဖြစ်သည် တပို့တွဲလတွင် ပေါက်ပန်း၊ လဲပန်းများနှင့် ဆူးပန်းများ ပွင့်လေ့ရှိကြပြီး ရဲရဲနီသော ပေါက်ပွင့်တို့က တပို့တွဲလ၏ ထင်ရှားသည့် အလှတစ်ပါးပင် ဖြစ်သည်။ ဆောင်းရာသီ၏ ငွေရောင်အခင်းအကျင်းအောက်တွင် နီရဲနေသော ပေါက်ပန်းများကို ကြည့်ရသည်မှာ ပန်းချီကားတစ်ချပ်လိုပင် ဖြစ်နေသည်။**



ရွှေတိဂုံစေတီတော်ကြီး၌ (၁၅) ကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ယမန်နှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပစဉ်။

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီတွင် လတိုင်းလတိုင်းသည် အနက်အဓိပ္ပာယ်နှင့် မြန်မာ့အလှသဘာဝကို ဖော်ဆောင်ရင်းဘာသာရေးကို အခြေခံသောပွဲတော်များကို လအလိုက် ဆင်ယင်ကျင်းပခဲ့ကြပေသည်။ တပို့တွဲလသည် ဆောင်းဥတု၏ နောက်ပိုင်းအချိန်ဖြစ်သည်။ တပို့တွဲလဟု ခေါ်ဝေါ်ခြင်းသည် ထန်းဖူး၊ ထန်းခိုင်တို့ တွဲညွတ်နေသည်ကို အကြောင်းပြု၍ ခေါ်ဝေါ်ကြခြင်း ဖြစ်ကြောင်းသိရသည်။ ကျောက်စာများတွင် တပိုဒ်တွယ်၊ တပိုတွဲ၊ တပိုင်တွဲ ဟူ၍ အမျိုးမျိုး ရေးသားခဲ့ကြပြီး တစ်နည်းအားဖြင့် တပို့တွဲလကို လယ်ယာကိစ္စများပြီးဆုံးပြီဖြစ်၍ ကျွဲ၊ နွားကသောထမ်းပိုးထမ်းတုံးများကို သိမ်းထားဆွဲထားသောလ ဖြစ်သောကြောင့် “ထန်းပို့တွဲလ” မှ မျက်မှောက်ခေတ်တွင် “တပို့တွဲ” ဟူ၍သာ ခေါ်ဝေါ်ခဲ့ကြသည်။ ဗေဒင်အခေါ်အဝေါ်အားဖြင့် ကုံရာသီဖြစ်သည်။ ရာသီရုပ်သည် ရေထမ်းသမားဆင်းရဲသားပုံ ဖြစ်သည်။

ရာသီပန်းသည် ပေါက်ပွင့်၊ လဲပွင့်၊ လက်ပံပွင့်တို့ ဖြစ်သည်။ ညအချိန်သည် နေ့အချိန်ထက်ပို၍ ရှည်လျားသည်။ နေ့တာတိုသောလဖြစ်၍ ထိုရာသီတွင် အအေးလွန်ကဲ၍ နှာရည်များပင်ကျသည့်အတွက် ရှေးစာဆိုတော်ကြီးများက “နှာရည်ယိုရွှဲ တပို့တွဲ”၊ “တပို့တွဲ ကျွဲချိုဖျားဆတ်ဆတ်ခါ” ဟုလည်းကောင်း တင်စားရေးသားခဲ့ကြပေသည်။

**ခိုက်ခိုက်တုန်အောင်
ချမ်းအေးသောလ**

ခိုက်ခိုက်တုန်အောင် ချမ်းအေးသောလ ဖြစ်သဖြင့် မြတ်စွာဘုရားရှင်သည် မီးအိုးကင်းတွင် ရွှေလက်တော်တကော မီးလှုံတော်မူခဲ့သည်ကို “သယမ္ဘူသော်မှ မီးမယ်ဖျူး၊ ရွှေလက်ကင်သည် ရေစက်သွင်အေးတဲ့လ” ဟု ဦးကြေးက ရေးဖွဲ့ခဲ့သည်။ ရှေးမြန်မာမင်းများနှင့် ရဟန်းရှင်လူတို့သည် တပို့တွဲလတွင် မီးအလှူ (ဝါ) မီးကုသိုလ်ပြုပွဲ၊ မီးပုံပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ မီးပုံပွဲကို ပုဂံခေတ်ကပင် ရှိခဲ့သော ရာသီပွဲဟုယူဆကြသည်။ ဒေသတိုင်း၌ ကျင်းပလေ့မရှိကြသော်လည်း တချို့ဒေသများတွင် အစဉ်အလာမပျက် ကျင်းပနေကြသည်ကို သိရှိရပါသည်။ သို့အတွက် လူနည်းစုသာ သိရှိသော ရာသီပွဲဖြစ်ပါသည်။

အထက်အညာဒေသတွင် များသောအားဖြင့် ပြုလုပ်လေ့ရှိကြသည်။ နံနက်အာရုံမတက်ခင်ကတည်းက ဘုရားတွင် သနပ်ခါးမီး၊ နံ့သာမီးများဖြင့် ပူဇော်မှုပြုလုပ်ကြသည်။ မီးမပူဇော်မီ သစ်သီး၊ မုန့် စသည့်လှူဖွယ်များကိုလည်း ဆက်ကပ်လှူဒါန်းကြပါသည်။ စာရေးသူတို့ဒေသတွင် တပို့တွဲလဆန်းလာလျှင် တောထဲသို့သွား၍ သနပ်ခါးထင်းများခုတ်ကာ နေပူလှန်းထားကြသည်။ တပို့တွဲလပြည့်ရောက်သောအခါ ခြောက်နေပြီဖြစ်သော နံ့သာထင်းများကို ဘုရားရှေ့တွင် စနစ်တကျစုပုံကာ မီးပူဇော်ကြသည်။ ဘုရားစေတီရှေ့တွင် သာမက သံဃာတော်များ၊ သက်ကြီးရွယ်အိုများအား နံ့သာထင်းဟုခေါ်သော သနပ်ခါးထင်းဖြင့် မီးအိုးကင်းလှူကြသည်။

မီးကုသိုလ်ပြုပွဲနှင့် ပတ်သက်၍ မြင်းခွာရွာစား၏ ရတုတွင် “ပေါက်လဲပွင့်လှိုင်၊ လနှင့်ပြိုင်က၊ ဘုန်းခိုင်မြတ်ဖျား၊ ကိုယ်တော်စားဟု၊ သုံးပါးရတနာ၊ မြတ်ရာရာဝယ်၊ သဒ္ဓါကြည်လင်၊ ပျော်မြူးရွှင်လျှက်၊ သဘင်မီးပုံ၊ တပြုံးပြုံးသည်၊ ပြည်လုံးညွတ်တော့မည်ဘုရား” ဟု ဖွဲ့ဆိုထားပေသည်။ ယခုအခါ နံ့သာထင်းများ ရှားပါးလာသည့်အတွက် မီးကုသိုလ်ပြုပွဲ (မီးဖုန်းပွဲ) ပြုလုပ်သည့် အလေ့အထမှာ တစ်စတစ်စပျောက်ကွယ်လုနီးပါးဖြစ်လာပြီး မီးဖုန်းပွဲအစား ထမနဲ (ထမင်းနဲ) ပွဲကိုသာ ကျင်းပခဲ့ကြသည်။

**❀ မြန်မာ့ရိုးရာထမနဲပွဲသည် စည်းလုံးညီညွတ်ခြင်း၏ သင်္ကေတဖြစ်သလို ထိုးသောထမနဲပွဲ၏ အရသာကောင်းခြင်းသည်လည်း စည်းလုံးညီညွတ်ခြင်း၏ အောင်မြင်မှုပြယုဂ်တစ်ခုဖြစ်သည်ဟု ရှေးလူကြီးများ ဆိုစကားရှိခဲ့ကြသည်။ တပို့တွဲလတွင် မြန်မာ့ရိုးရာထမနဲကို မွှန်မွှန်မြတ်မြတ်စုပေါင်းပြုလုပ်ပြီး သံဃာတော်များအား ဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာကုသိုလ်အဖြစ် ကျွေးမွေးခြင်းတို့မှာ ရှေးမြန်မာလက်ထက်မှသည် ယနေ့ခေတ်အထိ အစဉ်အဆက်ပြုလုပ်လာခဲ့သည့် ကြည်နူးဖွယ်ဓလေ့တစ်ခု**

မျက်မှောက်ခေတ်တွင် ထင်ရှားသော ရာသီပွဲမှာ ထမနဲပွဲသာ ဖြစ်ပေသည်။ မြန်မာ့ရိုးရာ ထမနဲသည် ကောက်ညှင်းနှင့် စီမံပြုလုပ်သော မြန်မာတို့၏ ချိုဆိမ့်မွှေးသည့် စားစရာတစ်မျိုးဖြစ်သည်။ ကောက်ညှင်းထမင်းကို ကော်များ၊ ပတ်စာများ လုပ်သကဲ့သို့ ထပ်ပြန်တလဲလဲမွှေ၍ နယ်ရသောကြောင့် ထမနဲဟုခေါ်ဆိုသည်။ ထမနဲကို အရပ်ဒေသလိုက်၍ ယာဂုဟုလည်းခေါ်သည်။ မြန်မာလို ဆန်ပြုတ်ဟု အဓိပ္ပာယ်ရသည်။ ကောက်ညှင်း၊ အုန်းသီး၊ မြေပဲ၊ ချင်း၊ နှမ်းဆီနှင့် နှမ်း နိုင်နိုင်ထည့်ရသောကြောင့် နှမ်းမနဲဟုလည်း ခေါ်ကြသည်။

မြန်မာနိုင်ငံအနှံ့အပြား ကျေးလက်တောရွာများအထိ ထမနဲပွဲများ ကျင်းပကြသည်။ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ထမနဲပွဲများ ကျင်းပပြုလုပ်ခဲ့ရာ အစောဆုံးတွေ့ရသော ထမနဲပွဲမှာ ညောင်ရမ်းခေတ်နှောင်းပိုင်း (ဒုတိယအင်းဝခေတ်) တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း စာဆိုတော်များက “တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းစမြဲ၊ ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ” ဟု စပ်ဆိုခဲ့ကြသည်။

ထိုလတွင် ထမနဲထိုးရခြင်း၏ ရည်ရွယ်ချက်မှာ ကောက်ညှင်းဆန်ဖြင့် ထိုးရသောကြောင့် ကောက်ညှင်း၏သဘောသဘာဝမှာ စေးကပ်မှုရှိပြီး၊ အားထည့်၍ ထိုးရသောကြောင့် ချွေးများဖြင့်ပူလောင်လာပြီး အေးချမ်းမှုများ ပပျောက်ကာ ထိုလ၏ ရာသီဥတုနှင့် ကိုက်ညီသောကြောင့် ဖြစ်ပေသည်။ ထိုလမှာပင် အစိုးရဌာန၊ ရပ်ကွက်၊ ကျေးရွာများပါမကျန် ထမနဲထိုးပြိုင်ပွဲများကို တူညီဝတ်စုံများဖြင့် နေရာဒေသအသီးသီးတွင် ကျင်းပကြပေသည်။ အကဲဖြတ်ဒိုင်လူကြီးမင်းများကလည်း အရသာတစ်ခုတည်းဖြင့် အကဲဖြတ်ခြင်းမဟုတ်ဘဲ အသင်းအဖွဲ့၏ စည်းလုံးခြင်း၊ စိတ်ဓာတ်၊ စီမံခန့်ခွဲမှု၊ သန့်ရှင်းသပ်ရပ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို အလေးထား၍ စည်းလုံးညီညွတ်မှုကို ထင်ဟပ်စေသော၊ ပေါ်လွင်စေသော မုန့်မျိုးဖြစ်ပေသည်။ အရသာမှာလည်း အဆိမ့်အရသာရှိသောကြောင့် စားလို့အလွန်ကောင်းသော မြန်မာ့ရိုးရာ မုန့်ဖြစ်ပေသည်။

**စည်းလုံးညီညွတ်ခြင်း၏ သင်္ကေတ**

မြန်မာ့ရိုးရာ ထမနဲပွဲသည် စည်းလုံးညီညွတ်ခြင်း၏ သင်္ကေတဖြစ်သလို ထိုးသောထမနဲပွဲ၏ အရသာကောင်းခြင်းသည်လည်း စည်းလုံးညီညွတ်ခြင်း၏ အောင်မြင်မှုပြယုဂ်တစ်ခုဖြစ်သည်ဟု ရှေးလူကြီးများ ဆိုစကားရှိခဲ့ကြသည်။ တပို့တွဲလတွင် မြန်မာ့ရိုးရာထမနဲကို မွှန်မွှန်မြတ်မြတ် စုပေါင်းပြုလုပ်ပြီး သံဃာတော်များအား ဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာကုသိုလ်အဖြစ် ကျွေးမွေးခြင်းတို့မှာ ရှေးမြန်မာလက်ထက်မှသည် ယနေ့ခေတ်အထိ အစဉ်အဆက်ပြုလုပ်လာခဲ့သည့် ကြည်နူးဖွယ်ဓလေ့တစ်ခုဖြစ်သည်။

တပို့တွဲလရောက်လျှင် မိသားစုအလိုက်၊ ရပ်ကွက်၊ ကျေးရွာအလိုက် စုပေါင်းထမနဲထိုးပွဲများ ပြုလုပ်လေ့ရှိကြသည်။ တပို့တွဲလသည် အဆီခန်းခြောက်ချိန်ဖြစ်သည့်အတွက် ထိုလတွင် ဆီနိုင်သော အပူစာ ထမနဲကို သုံးဆောင်လျှင် အသားအရေစိုပြည်၍ အပူဓာတ်ရလာနိုင်သည်ဟု ရာသီကိုက် ဓာတ်စာဖြစ်ကြောင်း ဆေးကျမ်းများတွင် ရေးသားထားပါသည်။

ထမနဲထိုးရာတွင် အားကောင်းမောင်းသန် ယောက်ျားများ ချွေးပြိုက်ပြိုက်ကျအောင် စည်းလုံးညီညွတ်ပျော်ရွှင်စွာ ထိုးကြရသဖြင့် အချင်းချင်း စည်းလုံးချစ်ခင်မှုနှင့်အတူ အေးမြသောရာသီကို အန်တုယှဉ်ပြိုင်ကာ ထိုးကြရသဖြင့် ကျန်းမာရေးအတွက်လည်း ကောင်းမွန်လှပေသည်။

တပို့တွဲလသည် တိုင်းရင်းသားတို့အတွက်လည်း ထူးခြားသည့်လတစ်လပင်ဖြစ်သည်။ ရခိုင်တိုင်းရင်းသားတို့၏ ပေါင်းစည်းခြင်းစွမ်းရည်ကို ဖော်ညွှန်းသော ရခိုင်ရိုးရာ ရထားဆွဲပွဲကို တပို့တွဲလတွင် ကျင်းပလေ့ရှိသည်။ တတိယဓညဝတီခေတ်တွင် နန်းတက်ခဲ့သော စန္ဒာသူရိယမင်းကြီးလက်ထက် ဘီစီ (၆) ရာစုတွင် ရခိုင်ရိုးရာ ရထားဆွဲပွဲစတင်ခဲ့ကြောင်း၊ ရခိုင်တိုင်းရင်းသားတို့၏ ဇာတာနှင့် နေလ၊ နက္ခတ်တာရာများကို ယှဉ်ပြိုင်ကျင်းပခြင်းဖြစ်ကြောင်း၊ ရထားဆွဲပွဲကျင်းပခြင်းအားဖြင့် တိုင်းပြည်အေးချမ်းသာယာခြင်း၊ ဆန်ရေစပါးပေါများခြင်း၊ မင်းနှင့်ပြည်သူကြည်ဖြူကာ အစစအရာရာအောင်မြင်ခြင်းတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ရာသီတပို့တွဲ
ရောက်ရှိလာပြီ**

ယခုအခါ ရာသီတပို့တွဲရောက်ရှိလာပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် ရိုးရာထမနဲနှင့် ပတ်သက်၍ လှုပ်ရှားမှုများကိုလည်း နှစ်သက်ဖွယ်တွေ့မြင်နေရပါသည်။ အလှူရှင်တစ်ဦးချင်းက မတည်ထမနဲထိုးကြသလို အသင်းအဖွဲ့များဖြင့်လည်း စုပေါင်းပြုလုပ်ကြသည်။ လပြည့်ရက်မတိုင်မီ လဆန်းရက်များကပင် ထမနဲထိုးကြ၊ လှူဒါန်းကြဖြင့် ချစ်စဖွယ်မြန်မာဓလေ့မှာ ပေါ်လွင်လှသည်။

ဆိုရပါလျှင် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် မြန်မာ့ရိုးရာပွဲတော်များကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ဆင်နွှဲနေကြသည်မှာ ကြည်နူးဖွယ်ရာကောင်းလှသလို မြန်မာ့သဘာဝ၊ မြန်မာ့အလှနှင့် တစ်ဆယ့်နှစ်လရာသီ မြန်မာ့ပုံရိပ်ပန်းချီကားများက ဆေးခြယ်သလို့ မကုန်နိုင်ပေ။ ။

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်သစ္စာ(၄)လမ်း၊ အမှတ်၈၂၄/က၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ) ရှိ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါအိမ်ခြံမြေမှာ ရန်ကုန်မြို့၊ မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ နှစ်(၆၀)ဂရန်၏ အမည်ပေါက်ပိုင်ရှင် ဒေါ်နေရည်စိုးလွဲ ၁၂/သကတ(နိုင်) ၁၈၇၅၁၁မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်ကိုကိုမျိုး ၁၂/သကတ(နိုင်) ၁၆၉၅၄၀က ဝယ်ယူရန် သဘောတူညီပြီး အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်မြတ်စိုး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇)**
**ရုံးခန်းအမှတ်-၃၊ သုမနလမ်းမကြီး၊ သာကေတမြို့နယ်ဥပဒေရုံးရှေ့၊ သာကေတမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၂၄၀၄၄၈၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၈၆၇/ခ)၊ ယုဇနလမ်း၊ ဧရိယာအကျယ်အဝန်း(၄၀ပေ x ၆၀ပေ) ရှိ ဦးအောင်ဇော် (၁၂/ဥကတ(နိုင်)၀၆၆၉၈၂)အမည်ပေါက် နှစ်(၆၀) ဂရန်မူရင်း အိမ်ခြံမြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသည့် ဧရိယာအကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)(ဂရန်မိတ္တူခြမ်း) အိမ်နှင့်ခြံမြေကွက် အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်သီရိစိုး(၁၂/ဒဂရ(နိုင်)၀၀၆၄၃၆) မှ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်လှလှမျိုး(၈/ပခက(နိုင်)၁၆၁၀၂၁)မှ အပြီးအပိုင် ဝယ်ယူထားခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှမျိုး ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုရည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၄၅)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၉/က၊ မြေကွက်အမှတ်- ၂၃/က၊ ဧရိယာ- ၀. ၀၂၇ ဧက ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ၁၉/က ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ် (၂၃/က) ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်၍ တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်နုယဉ်ထွေး (၁၂/တမန (နိုင်) ၁၀၃၂၄၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ယသာဝတီ(၁၇)လမ်း၊ တိုက်အမှတ် (၁၀၈၁/က)၊ အခန်း- ပဥ္စမထပ် (၆လွှာ)၊ အကျယ်အဝန်း (၁၈ပေ × ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကိုကိုလွင် (၃/ဘအန (နိုင်) ၀၅၅၇၉၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၄၆ )၊ ရတနာသုခလမ်း၊ မြေကွက်အမှတ် (၈၅၄/ခ)(မြေကွက်အမှတ် ၈၅၃ နှင့်ကပ်လျှက်ရှိသည့်အခြမ်း)၊ အကျယ်အဝန်း ( ၂၀ပေ× ၆၀ပေ ) ရှိ ဒေါ်မိမိခင် အမည်ပေါက်နှစ်(၆၀)ဂရန် မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်အေးအေးမူ (၇/နတလ(နိုင်) ၀၈၃၃၄၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နွယ်နွယ်ကျော် (၁၁/ကတန(နိုင်)၀၇၇၂၃၄) ကဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးထိန်လင်းသန်း** | **ဒေါ်ပြည့်ပြည့်ဖြိုး** |
| **(LL.B, D.B.L, D.I.L, D.M.L)** | **(LL.B, D.B.L, D.I.P.L)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးမြင့်သန်း ၉/ဒခသ(နိုင်)၀၀၇၉၃၃(ဘ) ဦးစိန်တင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၂၇၀၅) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၄၄/၂၀၂၀ (၂၈-၅-၂၀၂၀) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အင်ဆိုင်းရာ ၁၃/တကန (နိုင်)၁၄၁၇၀၃ (ဘ)ဦးခွန်ဖုန်းမှ ဒေါ်လဲ့လဲ့ဝင်း ၉/ကပတ(နိုင်)၁၇၂၈၃၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လေလံတင်လျှောက်လွှာခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ပဲခူး-သနပ်ပင်လမ်းမဘေးရှိ ဇီဇဝါတည်းခိုခန်း မြေဧက(၀.၀၉၄)၊ ၎င်းမြေပေါ်ရှိအဆောက်အဦး(မျက်နှာ၀၁၈' x အလျား ၁၁၀' x အမြင့် ၃၀') အဆောက်အဦး(၁)လုံး

| | |
|---|---|
| **လေလံလျှောက်လွှာရောင်းချမည့်ရက်** | - ၂၇-၂-၂၀၂၄ ရက် မှ ၁၃-၃-၂၀၂၄ရက်ထိ |
| **လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** | - ၁၃-၃-၂၀၂၄ ရက် ညနေ ၄နာရီ |
| **လေလံတင်ရောင်းချမည့်ရက်** | - ၁၄-၃-၂၀၂၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီ |
| **လေလံလျှောက်လွှာများရောင်းချမည့်နေရာ** | - ပဲခူးမြို့နယ်သမဝါယမအသင်းစု၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့။ |
| **လေလံလျှောက်လွှာတင်သွင်းဖွင့်ဖောက်မည့်နေရာ** | - ပဲခူးမြို့နယ်သမဝါယမအသင်းစု၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့။ |
| **ဆက်သွယ်ရမည့်ဖုန်း** | - ၀၉-၄၄၀၁၁၆၂၂၄၄၊ ၀၉-၉၇၇၀၆၁၇၈၂ |

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံး ဥပဒေအမိန့် -၂၁၊ နည်းဥပဒေ ၂၂) တောင်ငူမြို့နယ်တရားရုံးတော် ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၃ နှင့် ဆက်နွယ်သည့် ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃

| | | |
|---|---|---|
| ဒေါ်ဇင်မာမျိုး | **နှင့်** | ဦးသိန်းထွန်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ နတ်သျှင်နောင်ရပ်ကွက်၊ (၃)လမ်းနေ ဦးသိန်းထွန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၃ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဇင်မာမျိုးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ မတ်လ ၈ရက်(၁၃၈၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ ၂၃ရက်တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေဝေလင်းနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ငူမြို့နယ်တရားရုံး**

## ကိုကင်းဝဏ္ဏ (၁၂/ကမတ(နိုင်)၀၆၇၄၄၆)နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းရပ်ကွက်၊ ထီးတန်းလမ်း၊ အကျယ်အဝန်း (၁၅ပေx ၄၅ပေ)ခန့်ရှိ၊ အမှတ်(၆၁)၊ (မြေညီထပ်) တိုက်ခန်း(၁)ခန်းသည် ကွယ်လွန်သူမိဘများဖြစ်သော ဦးမောင်မောင်ကင်းနှင့် ဒေါ်လဲ့လဲ့ဝင်း တို့၏သားသမီးများဖြစ်သည့် မကင်းကေခိုင်၊ ကိုကင်းဝဏ္ဏနှင့် မကင်းကေသော်တို့ (၃)ဦးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း သိရှိရပြီး 1 Stop Mart ဆိုင်အား ငှားရမ်းထားပါလျက်၊ ကိုကင်းဝဏ္ဏမှ အဆိုပါတိုက်ခန်းအား ရောင်းဖိုးစရန်ငွေများရယူပြီး ရောင်းချခဲ့ကြောင်း သိရှိရသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ သိရှိသဘောမတူဘဲ လုပ်ဆောင်ချက်များဖြစ်နေ၍ တရားဝင် အတည်မဖြစ်ပါကြောင်းနှင့် ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးမြင့်(ဘဏ)**
**LL.B, D.B.L, တရားလွှတ်တော်ရှေ့နေ(၆၀၆၅/၉၄)**
**အမှတ်-၈၃၊ အခန်း(၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၁၆၇၂၃၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ ၁၅/ထန်းတပင်ရပ်၊ ဧရိယာ ၀.၀၅၅ဧက အကျယ်ရှိ မြေကွက်အမှတ်(ဒ-၆၁၁၂)နှင့်ယင်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ပိုင်ဆိုင်ထားရှိသူ ဦးဇော်လင်းမောင်(ဘ) ဦးမောင်မောင်(၉/လဝန(နိုင်)၁၃၄၁၀၆)ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စိုးသန္တာလှိုင်က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတချို့အား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်းကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းထွန်း ( LL.B , D.BL,D.IBL)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၁၃၉)**
**အမှတ်(၃၄၄)၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၉၅၆၄၁၁၄၁၁**

## မွေးသက္ကရာဇ်အမှန်

(ဘ) ဦးသန်းမောင် ၏သမီး မန္တလေးမြို့၊ အမရပူရမြို့နယ်၊ စာတိုးမြို့ပြင်ကြီးကျေးရွာအုပ်စု၊ မြို့ပြင်ကြီးကျေးရွာမှ ဒေါ်ဖြိုးမမသန်း ၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းအောင်လက်မှတ်အရ ၂၂-၄-၁၉၈၂ ဖြစ်ပါကြောင်း။

**ဒေါ်ဖြိုးမမသန်း (၂၂-၄-၁၉၈၂)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/40764, Honda C-90, Custom, CMV ယာဉ်လက်ဝယ်ရှိသူ ဦးရဲနိုင်ထွန်း ၉/ခမစ(နိုင်) ၀၅၁၈၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းကျောင်း (၁)နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ မွေးမြူရေးဆိုင်ရာသုတေသနဇဟိုဌာန(ရန်ကုန်)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ ဖွင့်လှစ်ပို့ချမည့် တိရစ္ဆာန်ဆေးကု ဒီပလိုမာ (Diploma in Veterinary Science)(၁)နှစ်သင်တန်းသို့ အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်-

၁။ လိုအပ်သောအရည်အချင်း

- (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရရှိသူ ဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်ရက်ဖြစ်သည့် (၁၅-၃-၂၀၂၄)ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်ရ။ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ် ထက် မကျော်လွန်ရ။
- (ဃ) သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်သူ ဖြစ်ရမည်။
- (င) သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သတ်မှတ်သင်တန်းကြေးများ ပေးသွင်းရမည်။
- (စ) သင်တန်းအောင်မြင်ပြီးနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ဒု-လက်ထောက်ကြီးကြပ်ရေးမှူးရာထူး (ဒုလက်ထောက်တိရစ္ဆာန်ကျန်းမာရေးမှူးတာဝန်) မှ စတင်ထမ်းဆောင်ရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်း အဖြစ်(၅)နှစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- (ဆ) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းသို့ မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေ(၃၀၀၀၀၀ိ/-)ကျပ်သုံးသိန်းတိတိကို ပေးဆောင်ရန်နှင့် သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလ အတိုင်း နိုင်ငံ့တာဝန်ကိုဆက်လက် မထမ်းဆောင်လျှင် သတ်မှတ်ထားသော လျော်ကြေးငွေ (၁၀၀၀၀၀၀ိ/-) ကျပ်တစ်ဆယ်သိန်းတိတိကိုပေးဆောင်ရန် ကတိခံဝန်စာချုပ် ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။
- (ဇ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ထောက်ခံချက်ဖြင့် လျှောက်ထားရမည်။

၂။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

- (က) ဘွဲ့လက်မှတ်မိတ္တူ(၁)စောင်နှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ(၁) စောင်
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ(၁)စောင်
- (ဂ) (၆)လအတွင်း ရိုက်ကူးထားသောရောင်စုံ လိုင်စင်ဓါတ်ပုံ (၂)ပုံနှင့် ဓါတ်ပုံ၏ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖော်ပြရန်
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံစာ(မူရင်း)(၁)စောင်
- (င) သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ မူရင်း(၁)စောင်
- (စ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ရန် ခွင့်ပြုကြောင်း ထောက်ခံချက် (မူရင်း)(၁)စောင်

၃။ လျှောက်လွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၆)တွင်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း အခမဲ့ရယူနိုင်သည်။

